# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း (၄) ရက်၊ တနင်္လာနေ့၊ (22-5-2023)၊ အတွဲ (၃၂)၊ အမှတ် (၀၂၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်းနှင့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်းနှင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စီမံကိန်းစတင်ဖြစ်ပေါ်လာပုံနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းကို အပိုင်းလိုက်ခွဲ၍ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone

- ဝန်ထမ်းလစာများပေးချေခြင်း
- လျှပ်စစ်မီတာပေးဆောင်ခြင်း
- e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်ရမှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို အဝေးကိုသွားရန်မလိုဘဲ နီးစပ်ရာ ဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ဗွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ

၂၀၂၃ ခုနှစ် မေ ၂၂ ရက်

အယ်ဒီတာ့အာဘော်

# ဆီထွက်သီးနှံနေကြာ ပိုးမွှားရောဂါ သတိပြုကာကွယ်ပါ

လူတို့၏စားသုံးမှုပုံစံများ၌ ဆီစားသုံးမှုသည် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသကဲ့သို့ နေ့စဉ်ချက်ပြုတ်စားသုံးမှုတွင်လည်း စားသုံးဆီသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရသည်။ မြန်မာတို့သည် ရှေးယခင်ကတည်းကပင် နှမ်းနှင့်မြေပဲမှရရှိသော ဆီကို အဓိကစားသုံးခဲ့ကြသည်။ သို့သော် နှမ်းနှင့်မြေပဲသီးနှံအစေ့အဆန်ကို ပြည်ပသို့ တင်ပို့မှုများပြားလာသောကြောင့် ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးလာကြသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ဆီထွက်သီးနှံနေကြာကို အဓိကအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တိုးချဲ့စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံ၏ စားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းစေရန်အတွက် နေကြာသီးနှံတွင် ကျရောက်သောပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများကိုသိရှိပြီး သတိပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

ပိုးမွှားရောဂါများကို စနစ်တကျကာကွယ်နှိမ်နင်းရန်အတွက် သီးနှံသက်တမ်းတစ်လျှောက် ပိုးမွှားများ၏ ကျရောက်ဖျက်ဆီးမှုအလေ့အထနှင့် ရောဂါများ၏ ကူးစက်ပျံ့နှံ့မှုတို့ကိုလည်း သိရှိထားရန်လိုပေသည်။ နေကြာသီးနှံတွင် ပိုးမွှားရောဂါကျရောက်ပါက နေကြာအထွက် ၂၅ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းထိ ထိခိုက်စေနိုင်သည်။

နေကြာသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရန် ပိုးမွှားရောဂါများကို ဓာတုဆေးများ အလွန်အကျွံသုံး၍ ကာကွယ်နှိမ်နင်းပါက ပိုးမွှားရောဂါများသည် ဆေးယဉ်ပါးလာခြင်း၊ ပတ်ဝန်းကျင်ရေထုလေထုကို ညစ်ညမ်းစေခြင်း၊ ကုန်ကျစရိတ်များခြင်း စားသုံးသီးနှံများတွင် ဓာတ်ကြွင်းအာနိသင်ကျန်ရှိခြင်း စသည်တို့ကြောင့် ဓာတုဆေးများကို လိုအပ်မှသာ သုံးစွဲကြရမည်ဖြစ်သည်။

ဖျက်ပိုးဟုဆိုရာတွင် သီးနှံများ၏ အရည်အသွေး၊ အထွက်နှုန်းနှင့် မျိုးစေ့အပင်ပေါက်နိုင်စွမ်းတို့ကို ဖျက်ဆီးသော ပိုးမွှားရောဂါ၊ ပေါင်း၊ ကြွက်တို့ဖြစ်ပြီး အပင်နှင့် အပင်ထွက်ပစ္စည်းများကို စားသောက်ဖျက်ဆီးသည့်အပြင် ရောဂါများကိုပါ သယ်ဆောင်ပြန့်ပွားနိုင်သည်။ ထို့ပြင် နေကြာပွင့်စားပိုး၊ ရွက်စုံစားခူမွှေးရှည်၊ ပိုးနဂါး၊ ဖြုတ်စိမ်းနှင့် ပျပိုးတို့ကြောင့်လည်း နေကြာသီးနှံများကို ပျက်စီးစေသည်။

ထို့ကြောင့် နေကြာသီးနှံများ ပိုးမွှားရောဂါမှကာကွယ်ရန် ရောဂါကင်းသော နေကြာမျိုးစေ့ကို သုံးခြင်း၊ နေကြာမျိုးစေ့ကို ပိုးသတ်ဆေးများဖြစ်သော ဟိုမိုင်း၊ တော့ပ်စင်၊ မက်တယ်လဇီကဲ့သို့သော ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးကြရမည်ဖြစ်သည်။ ထို့ပြင် ကြက်သွန်ဖြူစစ်ထုတ်ရည်ကို အသုံးပြုခြင်းဖြင့်လည်း ကာကွယ်နှိမ်နင်းနိုင်ပေသည်။

သို့ဖြစ်ရာ နေကြာသီးနှံတွင် ပိုးမွှားရောဂါကျရောက်ဖျက်ဆီးပါက သတ်မှတ်ရိတ်သိမ်းအပင်ဦးရေ မရရှိခြင်း၊ အောင်စေ့လျော့နည်းခြင်းတို့ကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် နေကြာ စိုက်ဧကတစ်ဧကအထွက်တိုးစေရန်အတွက် နေကြာစိုက်တောင်သူများအနေဖြင့် နေကြာသီးနှံများတွင် ပိုးမွှားရောဂါကျရောက်ခြင်းမှ အထူးသတိပြုကာကွယ်နှိမ်နင်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၂၁**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၂၄၁၉၀၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို ဘုရားဖူးပြည်သူတွေ နယ်စုံဒေသက လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေဟာ နားနေဆောင်မှာ အနားယူကြပြီး ရှုခင်းကောင်းတဲ့ နေရာတွေမှာ အမှတ်တရဓာတ်ပုံရိုက်ကြတာကို တွေ့ရပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ ဘုရားဖူးပြည်သူတွေက အိမ်ပြန်အမှတ်တရလက်ဆောင်အဖြစ် ဝယ်ယူမှုတွေနဲ့ စည်ကားနေတယ်။ ဘုရားဖူးပြည်သူဦးရေ တိုးလာပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်"ဟု ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၉၃၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၃၉၁၈၈ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားပြီး ယနေ့ညနေထိ ဘုရားဖူး ၇၈၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ဟင်းခတ်အမွှေးအကြိုင် နံနံစေ့များ ပြည်ပဝယ်ယူမှုရှိသောကြောင့် ဈေးကောင်းရရှိနေ

**မန္တလေး မေ ၂၁**

ဟင်းခတ်အမွှေးအကြိုင် နံနံစေ့များ ယခုရက်ပိုင်းအတွင်း ပြည်ပဝယ်ယူမှုရှိလာသောကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ နံနံစေ့များသည် နယ်စုံဒေသမှ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်အတွင်းက နံနံစေ့ ရှစ်ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ သာဈေးရရှိခဲ့ပြီး ယခုနှစ် မေ ၁ ရက်မှ ယနေ့ထိ နံနံစေ့ ရှစ်ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"နံနံစေ့သီးနှံကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတွေက ဝယ်ယူမှု အားကောင်းလာတာကြောင့် အခုရက်ပိုင်းမှာဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းက နံနံစေ့ ရှစ်ပိဿာဝင်တစ်အိတ်ကို ငွေကျပ် ၃၀၀၀၀ သာ ဈေးရရှိခဲ့ပြီး အခုနှစ်တွင် နံနံစေ့ ရှစ်ပိဿာဝင်တစ်အိတ်ကို ငွေကျပ် ၅၄၀၀၀ ထိ ဈေးကောင်းရရှိနေတယ်။ နံနံစေ့က ဟင်းခတ်အမွှေးအကြိုင်ပြုလုပ်တဲ့နေရာမှာ အဓိကပါဝင်တယ်။ ပြည်တွင်းသုံးစွဲမှုရှိသလို ပြည်ပကိုလဲ နှစ်စဉ်တင်ပို့ရောင်းချနေရတယ်။ နံနံစေ့ကို မြန်မာနိုင်ငံအနှံ့အပြားမှာ ရာသီမရွေးစိုက်ပျိုးလို့ရတယ်။ အထက်အညာဒေသမှာတော့ နံနံစေ့ကို ဆောင်းသီးနှံအနေနဲ့ အဓိကထားစိုက်ပျိုးကြတယ်။ အခုချိန်မှာ နံနံစေ့က အရောင်းအဝယ်ကောင်းနေပါတယ်" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

လက်ရှိတွင် မန္တလေးဈေးကွက်သို့ စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်၊ မြင်းမူ၊ မြစ်သား၊ ကျောက်ဆည်၊ တောင်သာမြို့နယ်တို့မှ နံနံစေ့များ ဝင်ရောက်လျက်ရှိပြီး အဆိုပါ နံနံများကို အချို့ဒေသများတွင် အပင်လိုက်ရောင်းချလေ့ရှိကြောင်း၊ နံနံစေ့များ ဈေးကောင်းရရှိနေခြင်းကြောင့် နံနံစိုက်တောင်သူများ၊ လုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း ဦးစိုးဝင်းမြင့်ထံမှ သိရသည်။ (၁၈၅)

# ပြည်တွင်းရွှေဈေး အရောင်းအဝယ်အေးနေ

**မန္တလေး မေ ၂၁**

ကမ္ဘာ့ရွှေဈေး မြင့်တက်မှုကြောင့် ရွှေဈေးကွက်တွင် တစ်ကျပ်သားလျှင် ငွေကျပ် ၂၉ သိန်းကျော်ထိ မြင့်တက်ခဲ့ရာမှ ယခုအခါ တစ်ကျပ်သားလျှင် ငွေကျပ် ၂၈ သိန်းကျော်တွင်ရှိနေပြီး အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း မန္တလေး ဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၀၇ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၂၀၁၆ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက်တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၅၅ ဒေါ်လာထိ အနိမ့်ဆုံးကျ၍ ၁၉၇၇ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့သည်။

"ကမ္ဘာ့ရွှေဈေးကြောင့် ပြည်တွင်းရွှေဈေးကလဲ အလှုပ်အခတ်ရှိခဲ့တယ်။ ပြီးခဲ့တဲ့အပတ်က ငွေကျပ် ၂၉ သိန်းကျော်ထိ မြင့်တက်ခဲ့တဲ့ ပြည်တွင်းရွှေက အခုတစ်ပတ်ထဲမှာ ငွေကျပ်တစ်သိန်းကျော်ထိ ပြန်ကျလာတယ်။ ပြည်တွင်းရွှေဈေးက အနည်းငယ်ပြန်ကျလာတယ်ဆိုပေမဲ့ အရောင်းအဝယ်က အေးနေဆဲပါ။ လက်ရှိအခြေအနေတွေအရတော့ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ဆက်အေးနေအုံးမယ်လို့ သုံးသပ်ရပါတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

မေ ၁၄ ရက်က ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၁၀ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင်ငွေကျပ် ၂၈၇၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

မေ ၂၀ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၇၇ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၈၀၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၀၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ ငွေကျပ် ၂၁၀၀ ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၇၇ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ၂၈၇၆၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၂၈၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးကုတ်မြို့နယ် အောင်ပဒန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုးကုတ် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်ပဒန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေ ၂၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မိုးကုတ်မြို့နယ် အောင်ပဒန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ထားရှိမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အောင်ပဒန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ကြသော အသင်းသား၊ အသင်းသူစုစုပေါင်း ၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၃၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ရတနာပုံမြို့သစ် (၈) ရပ်ကွက်နေ ဒေါ်စင်မမ မိသားစုက နှစ်ဖက်မိဘများနှင့် ဦးမောင်မောင်လေးအား ရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသည့် ရွှေဘိုပေါ်ဆန်းမွှေးကို မြန်မာနိုင်ငံ၏ပထမဆုံးဒေသဆိုင်ရာအညွှန်း(GI)ရရှိရေး ဆောင်ရွက်သွားမည်



**နေပြည်တော် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသည့် ရွှေဘိုပေါ်ဆန်းမွှေးကို မြန်မာနိုင်ငံ၏ ပထမဆုံးဒေသဆိုင်ရာအညွှန်း Geographical Indication (GI)ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးအေးမော်ထံမှ သိရသည်။

မြန်မာနိုင်ငံ၏ ထုတ်ကုန်များကို အဆင့်ဆင့်ရွေးချယ်ပြီး အလားအလာ အကောင်းဆုံးထုတ်ကုန် ၁၀ ခုအနက် ပထမဆုံးအနေဖြင့် ရွှေဘိုပေါ်ဆန်းကို ဒေသဆိုင်ရာအညွှန်း Geographical Indication(GI) အဖြစ် စတင်ရရှိနိုင်ရန် ရွေးချယ်ဆောင်ရွက်ခဲ့ကြောင်း၊ ရွှေဘိုပေါ်ဆန်းသာမက မြန်မာနိုင်ငံအတွင်းရှိ အခြားဒေသထွက်ကုန်များသည်လည်း အလားအလာရှိသော ထုတ်ကုန်များဖြစ်ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ မူပိုင်ခွင့်ဥပဒေလေးရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေဟာ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှာ စတင်အာဏာတည်ခဲ့တဲ့အတွက် မူပိုင်ခွင့်ဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ ထုတ်ကုန်တွေကို ဒေသဆိုင်ရာအညွှန်း GI ကုန်ပစ္စည်းတွေအဖြစ် မှတ်ပုံတင်ဖို့အတွက် စီမံကိန်းတစ်ခုကို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်။ ဒီလိုဆောင်ရွက်ရာမှာ ရွှေဘိုပေါ်ဆန်းမွှေးကို မြန်မာနိုင်ငံရဲ့ ပထမဆုံး ဒေသဆိုင်ရာအညွှန်း GI ရရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးအေးမော်က ပြောပြသည်။

အဆိုပါ ဒေသဆိုင်ရာအညွှန်းကိန်းGI သည် နိုင်ငံ၏စီးပွားရေးအတွက် အဓိကအားထားရသည့် ပြည်တွင်းထုတ်ကုန်များ၏ တန်ဖိုးကိုမြှင့်တင်ပေးနိုင်ကြောင်း၊ ထိုသို့ GI ရရှိရေးအတွက် ၂၀၁၅ ခုနှစ်ကစတင်ပြီး တောင်သူ၊ ကုန်သည်၊ စက်ပိုင်များ အားလုံးပါဝင်သည့် အသင်းအဖွဲ့ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်း၊ GIရရှိထားသည့် ရွှေဘိုပေါ်ဆန်းမြေရိုင်းသတ်မှတ်ခြင်းစသည်တို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ASH

# ငါန်းဇွန်မြို့နယ် မြင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ငါန်းဇွန် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် မြင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ မြို့နယ်တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားရန် ဆွေးနွေးမှာကြားသည်။

ငါန်းဇွန်မြို့နယ် မြင်သာကျေးရွာ၌ ဂါလန်၂၄၀၀ ဆံ့အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၃၅၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၃၅၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကြောင့် မြင်သာကျေးရွာရှိ အိမ်ခြေ ၈၈ အိမ်၊ လူ ၄၀၉ ဦးတို့ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိပြီဖြစ်ကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းထံမှ သိရသည်။

**အောင်ရဲကျော်**

# အုတ်ဖိုမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

**အုတ်ဖို မေ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို မေ ၂၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက သင်တန်းတွင်လိုက်နာရမည့်စည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းကို အုတ်ဖိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ၄က်ပျောပင်မှ ထွက်ရှိသောပစ္စည်းများဖြင့် ဖိနပ်ချုပ်နည်းအမျိုးမျိုး၊ ဦးထုပ်ချုပ်နည်းအမျိုးမျိုး၊ အိတ်ချုပ်နည်းအမျိုးမျိုးနှင့် ပတ်သက်သည့်သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် မေ ၂၀ ရက်မှ ၂၉ ရက်ထိ ၁၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။

**အေးမြတ်**



# အကြောင်းကံ ကမ္ဘာသကာ

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

သတင်းသမားလောကမှာ နှစ်အတော်ကြာမျှ ဘဝပေးအခြေအနေအရ အနှစ် ၂၀ လောက် ကျင်လည်ဖြတ်သန်းခဲ့ရပါတယ်။ မြဝတီစာပေတိုက် စာတည်းမှူးချုပ် သုံးနှစ်၊ ပြန်ကြားရေးညွှန်ချုပ် ၁၁ နှစ်၊ သတင်းစာဆရာပင်တိုင်ဆောင်းပါးရှင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လေးနှစ်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်၂၆ နှစ်စတဲ့ တာဝန်တွေဆောင်ရွက်ခဲ့ဖူးပါတယ်။ နိုင်ငံခြားသတင်းထောက်သတင်းစာဆရာတွေနဲ့လည်း ရင်းနှီးခင်မင်ခဲ့ရပါတယ်။ အချို့က နိုင်ငံခြားသား၊ အချို့က မြန်မာနိုင်ငံသား၊ အချို့က ဥပဒေရေးရာ၊ အချို့က စီးပွားရေးရာ၊ အချို့က နိုင်ငံတကာရေးရာ သူတို့ကျွမ်းကျင်ရာနယ်ပယ်အမျိုးမျိုးကလည်း မတူကြပါ။ နှစ်ပေါင်းများစွာ လက်တွဲလုပ်ဆောင်ဖူးကြတော့ ရဲဘော်ရဲဘက်သဖွယ် ခင်မင်နေကြပါတယ်။

သတင်းစာဆရာမိတ်ဆွေတစ်ယောက်မှာ ဥပဒေပညာရှင် သားတစ်ယောက်ရှိတယ်။ သတင်းစာရှင်းလင်းပွဲလိုအခါမျိုးမှာ တစ်ခါတစ်ရံ သူ့သားကိုအတူခေါ်လာတတ်ပါတယ်။ အဲဒီတုန်းက ဘွဲ့ရစလူငယ်လေးပေါ့။ မိမိနဲ့ ရင်းနှီးခင်မင်ခဲ့တဲ့ နိုင်ငံခြားသတင်းထောက်ဆရာကြီးကတော့ ကွယ်လွန်တာနှစ်အတော်ကြာခဲ့ပါပြီ။ မနေ့တစ်နေ့ကတော့ အဲဒီဥပဒေပညာရှင်လူငယ် ကွယ်လွန်သွားရှာတယ်ဆိုတဲ့သတင်းကို ကြားရပါတယ်။ စိတ်မကောင်းစရာပါ။ နောက်တစ်နေ့မှာ သူ့ရဲ့ရင်နှစ်သားလေးတွေကို ရင်မြုပ်ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်မယ့် အလှူရှင်၊ အလှူ့ဒကာလောင်းဟာ မလျှခင် တစ်ရက်မှာ လုပ်ကြံသတ်ဖြတ်ခံလိုက်ရတာဖြစ်ပါတယ်။ ကားပေါ်မှာရှိနေတုန်း မော်တော်ဆိုင်ကယ်နဲ့ကပ်လာပြီး သေနတ်နဲ့လူနှစ်ယောက်က အချက်ပေါင်းများစွာ မသေမချင်းပစ်ခတ်သွားတာဖြစ်ပါတယ်။ သူ့ခန္ဓာကိုယ်မှာ ကျည်ဆန်ဒဏ်ရာ ၁၄ ချက်တွေ့ရတယ်။ ပြင်းထန်ရက်စက်လိုက်လေ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတောင် လူမိုက်တစ်စုက ရှုံးခန်းထဲဝင်ပစ်တာ ၁၃ ချက်ထိမှန်ခဲ့တယ်။ အခုဟာက အနီးကပ်ကျည်ကတ်ထဲရှိသမျှ သေနတ်နှစ်လက်၊ သုံးလက်နဲ့ မသေသေအောင် ရန်ငြိုးကြီးစွာ သတ်ဖြတ်သလိုပါကလား။

**ရင်နင့်ကြေကွဲ**

သူ့ဖခင်(မိမိမိတ်ဆွေ) သတင်းစာဆရာကြီးရှိနေသေးရင်လည်း စိတ်မကောင်းခြင်းကြီးစွာဖြစ်ရမယ်။ အလှူ့အစ်မသူ့ဇနီးလည်း အလွန်ပဲကြေကွဲဆို့နစ်မှာပဲ။ သားလေးမောင်ရှင်လောင်းတွေလည်း စိတ်ထိခိုက်ဝမ်းနည်းအားငယ်ရှာပေမယ်။ ခင်မင်ရင်းနှီးခဲ့တာ မရှိပေမယ့် မိမိသိသူ၊ မြင်ဖူးသူဆိုတော့ ရင်နင့်အောင်စိတ်ထိခိုက်ခံစားရင်းနဲ့ ဒီဆောင်းပါးကို ရေးမိပါတယ်။

လူသတ်သမားတွေ ဘယ်သူဘယ်ဝါမသိပါ။

ရန်ငြိုးရန်စမုန်းတီးမှုတစ်ခုခုရှိခဲ့လို့ သတ်ဖြတ်တာထက် ငွေကြေးပေးလို့ ဒါမှမဟုတ် ညွှန်ကြားခံရလို့ စေခိုင်းတဲ့အတိုင်း ရက်စက်ကြမ်းတမ်းစွာ ပစ်ခတ်သတ်ဖြတ်ခဲ့ကြတာပါ။ ဒါကို လက်ခုပ်လက်ဝါးတီးပြီး ကောင်းချီးသြဘာ အားပေးကြတဲ့သူအချို့ကိုလည်း ဖေ့ဘွတ်စာမျက်နှာမှာမြင်လိုက်ရတော့ နိုင်ငံရေးအုပ်စုတစ်စုရဲ့ပစ်မှတ်အဖြစ် သတ်မှတ်ခံခဲ့ရတဲ့ ဓားစာခံဆိုတာ သိရပါတယ်။

မိုက်လိုက်လေ၊ ရိုင်းလိုက်လေ။ လူသတ်တိုင်းသာ နိုင်ငံရေးရည်မှန်းချက်တွေ အောင်မြင်ခဲ့မယ်ဆိုရင် ဆင်စွယ်ရှာတစ်ရွာလုံးကိုသတ်ခဲ့တဲ့ အလံနီဥက္ကဋ္ဌသခင်စိုးကြီး သမ္မတဖြစ်တာကြာပေါ့။ သေရဲ၊ သတ်ရဲ၊ အနိုင်ယူရဲရမယ်ဆိုပြီး ပြည်သူလူထုအပေါ် မညှာမတာသတ်ဖြတ်ခဲ့တဲ့ပါတီတွေရှိခဲ့ပါတယ်။ ရန်သူနဲ့ ငြိမ်းချမ်းရေးလုပ်ချင်တယ်ဆိုရင် ဖောက်ပြန်ရေးလမ်းကြောင်းပဲဆိုပြီး သွေးချောင်းစီးပါစေ၊ ဖြတ်ပစ်၊ ထုတ်ပစ်၊ သတ်ပစ်၊ ကွန်မြူနစ်ပါတီဝင်အချင်းချင်း သွေးသံရဲရဲ (ကျည်ဆန်အကုန်မခံဘူး၊ အသံထွက်မှာလည်း ကြောက်ရတဲ့တောထဲမှာ) တုတ်တွေ၊ ဓားတွေနဲ့ မသေမချင်းထိုးခုတ်၊ ရိုက်နှက်ရင်း ဗကပ(ဗဟို)ဟာ ဗိုလ်ဇေယျကျော်၊ ဗိုလ်ရန်အောင်အသတ်ခံရ၊ ရန်ကုန်တက္ကသိုလ်က ကျောင်းသားခေါင်းဆောင်များ၊ ဘဆွေလေး စတဲ့သူတွေ၊ မန္တလေးတက္ကသိုလ်မှ ကိုစိုးဝင်း ခေါ် ရဲဘော်ထွန်းကျော်(လူထုဦးလှ-ဒေါ်အမာတို့ရဲ့ သားဦး) လူတော်လူချွန်လူငယ်တွေဟာ သွေးအိုင်ထဲမှာပဲ အသက်ပျောက်ခဲ့ကြရ။ လူသတ်ရုံမျှနဲ့ ဘယ်တော့လှန်ရေးမှ မအောင်ခဲ့ပါ။ ဗမာပြည်ကွန်မြူနစ်ပါတီလောက် ခံယူချက်၊ ယုံကြည်ချက်ခိုင်မာထက်သန်တဲ့ပါတီမျိုး ရှားပါတယ်။ ကြံရည်ဖန်ရည်၊ ဉာဏ်ရည်လည်းမြင့်တယ်။ သတ္တိလည်းပြည့်ဝကြတယ်။ စွန့်စားရဲတာလည်း အခုခေတ်နိုင်ငံရေးပါတီတွေထက် မညံ့ကြပါ။ ဇွဲကောင်းတဲ့အရာမှာလည်း နှစ်ပေါင်း ၂၀ အပေအတေခံနိုင်ခဲ့တာ သက်သေပဲ။ ချီးကျူးစရာတွေ အများကြီးပဲ။

ကြည့်ပါဦး၊ နိုင်ငံများစွာမှာ ကမ္ဘာလှည့်ခရီးသွားတွေလာချင်အောင် ငွေကြေးဘတ်ဂျက်များစွာ ရင်းနှီးမြှုပ်နှံကြပြီး ဆွဲဆောင်နေကြပုံတွေများ အားကျစရာ။ ပါရီ၊ နယူးယောက်၊ ဒူဘိုင်းမြို့တော်တွေ၊ အလှအပတွေ ပြင်ဆင်နေကြ။ မြင်ရမှာပါ။

ကမ္ဘာလှည့်ခရီးသည်များကို ကိုဗစ်ရောဂါကပ်ဘေးနည်းပါးလာတဲ့အခါ အခွင့်လေးပေါ်စပြုတာနဲ့သူများတွေခရီးသွားလာရောက်နေတဲ့ဦးရေတဲ့ ကြည့်ကြပါဦး-

**၁။ ဟောင်ကောင်မြို့ ၂၉ သန်း**

**၂။ ဗန်ကောက်မြို့ ၂၄ ဒသမ ၁ သန်း**

**၃။ လန်ဒန်မြို့ ၁၉ ဒသမ ၂ သန်း**

**၄။ မကာအိုမြို့ ၁၈ ဒသမ ၉ သန်း**

**၅။ စင်ကာပူမြို့ ၁၈ ဒသမ ၅ သန်း**

ဗန်ကောက်တို့၊ စင်ကာပူတို့ဆိုတာ မြန်မာနိုင်ငံကို ဆက်လာဖို့ လွယ်ကူနီးကပ်တဲ့ဝင်ပေါက်သဖွယ် ခရီးလမ်းကြောင်းတွေပါပဲ။ လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်

❖ ပြည်သူအပေါ်ထားရမယ့်မေတ္တာ။ ရဲဘော်ရဲဘက်ချင်းအပေါ်ထားရှိရမယ့် သစ္စာနဲ့ ရဲဘော်စိတ်။ အဲဒါ အားနည်းခဲ့လို့ ဗကပဆိုတဲ့ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ဖက်ဆစ်တော်လှန်ရေးမှာ နိုင်ငံတစ်နိုင်ငံလုံး နိုင်ငံရေးဦးဆောင်မှုပေးရာ ထိပ်တန်းက ပါဝင်ခဲ့ရတဲ့ နိုင်ငံရေးပါတီကြီးဖြစ်ပါလျက် ချုပ်ငြိမ်းပြီး ကွယ်ပျောက်သွားခဲ့ရပါတယ်။ သင်ခန်းစာမဟုတ်ဘူးလား။ လူသတ်တာကို နိုင်ငံရေးဝါဒလမ်းစဉ်လို့ ချမှတ်ခဲ့တဲ့ နိုင်ငံရေးပါတီဆိုတာ ပြည်သူလူထုရဲ့ အားပေးထောက်ခံမှု ဘယ်သောခါမှမရနိုင်တော့ပါ။ ❖

**မေတ္တာလိုနေ**

ဘာလိုသလဲ။ ပြည်သူအပေါ် ထားရမယ့်**မေတ္တာ**။ ရဲဘော်ရဲဘက်ချင်းအပေါ် ထားရှိရမယ့် **သစ္စာ**နဲ့ **ရဲဘော်စိတ်**။ အဲဒါ အားနည်းခဲ့လို့ ဗကပဆိုတဲ့ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ဖက်ဆစ်တော်လှန်ရေးမှာ နိုင်ငံတစ်နိုင်ငံလုံး နိုင်ငံရေးဦးဆောင်မှုပေးရာ ထိပ်တန်းက ပါဝင်ခဲ့ရတဲ့ နိုင်ငံရေးပါတီကြီးဖြစ်ပါလျက် ချုပ်ငြိမ်းပြီး ကွယ်ပျောက်သွားခဲ့ရပါတယ်။ သင်ခန်းစာမဟုတ်ဘူးလား။

လူသတ်တာကို နိုင်ငံရေးဝါဒလမ်းစဉ်လို့ ချမှတ်ခဲ့တဲ့ နိုင်ငံရေးပါတီဆိုတာ ပြည်သူလူထုရဲ့ အားပေးထောက်ခံမှု ဘယ်သောခါမှမရနိုင်တော့ပါ။ အလံနီကွန်မြူနစ်ပါတီနဲ့ ဗကပရဲ့ နှစ်ပေါင်းများစွာ ဇွဲကောင်းကောင်း၊ သတ္တိရှိရှိနဲ့ ခံယူချက်ပြည့်ဝတဲ့ပုဂ္ဂိုလ်တွေတောင် မအောင်မြင်ခဲ့ပါ။ ရှေ့တည့်တည့်က နိုင်ငံရေးသမိုင်းသင်ခန်းစာ စာမျက်နှာတွေပေါ်မှာ သွေးမခြောက်သေးပါဘူး။ သွေးနဲ့ရေးခဲ့ရတဲ့အမှားသင်ခန်းစာတွေပါ။

သာမန်ပြည်သူကို ဒလန်လို့စွပ်စွဲပြီး ဥပဒေမဲ့အစမွပစ်ခတ်သတ်ဖြတ်နေတာကို တော်လှန်ရေးဆိုပြီး လိမ်ညာလှည့်စားနေတာကိုလည်း တစ်ခန်းရပ် တစ်ဇာတ်သိမ်းကြရမယ့်အချိန်ရောက်နေပါပြီ။

**ခရီးသည်**

လွန်ခဲ့တဲ့နှစ်နှစ်ဆယ်လောက်ကတည်းက မီးခိုးမဲ့စက်ရုံလို့ခေါ် ဆိုကြတဲ့ နိုင်ငံတကာခရီးသွားတွေလာချင်အောင်၊ လာလည်အောင် ဆွဲဆောင်နိုင်ရင် အရင်းအနှီးနည်းနည်းနဲ့ ဒေသခံဆင်းရဲသား၊ လူတန်းစားအလွှာအမျိုးမျိုး၊ စိုက်သူပျိုးသူ၊ ချက်သူပြုတ်သူ၊ ရောင်းသူဝယ်သူ၊ သယ်သူပို့သူ၊ မုန့်ဟင်းခါးသည်က အစ တက္ကစီသမား၊ မြင်းလှည်းသမားထိ ဒေသခံအားလုံး ဝင်ငွေတွေတိုးစေလို့ အလွန်တရာအကျိုးရှိတဲ့ နိုင်ငံတကာမှ ခရီးသွားဧည့်သည်တွေ လာလည်နိုင်အောင်-

အချိန်ကတည်းက စိမ်းလန်းတဲ့လှပသာယာဥယျာဉ်ပမာနေပြည်တော်ကို နိုင်ငံတကာအဆင့်မီ ဥယျာဉ်ပန်းမန်တွေ၊ လမ်းတွေ၊ အဆင့်မြင့်ဟိုတယ်တွေနဲ့ မြော်မြော်မြင်မြင်ပြင်ဆင်စီမံခဲ့ကြတာလေ။ နယ်မြေအခြေအနေ အေးချမ်းလုံခြုံမယ် အကြမ်းဖက်ဆူပူမှုတွေသာ မရှိတော့ဘူး၊ ချုပ်ငြိမ်းပျောက်ကွယ်သွားကြပြီဆိုရင် တန်ခူးသင်္ကြန်ပွဲကနေ တပေါင်းဘုရားပွဲထိ လှပမြူးကြွပြုံးပျော်နေကြတဲ့ တို့မြန်မာတွေအားလုံးရဲ့ မေတ္တာပါတဲ့မျက်လုံးနဲ့ မျက်နှာတွေကြောင့် ကမ္ဘာလှည့်ခရီးသွားတွေက လာချင်ပြီးသား။

**အမျက်**

အကြမ်းဖက်လူသတ်သမားတွေက ချောင်ထဲက ထွက်လာပြီး ဓားနဲ့ထိုးလိုက်၊ တုတ်နဲ့ရိုက်လိုက်၊ သေနတ်နဲ့ပစ်လိုက်၊ ပြည်သူတွေအပေါ် အကြောက်တရားနဲ့ အနိုင်ကျင့်ဖိနှိပ်ရက်စက်နေဦးမယ်ဆိုရင်တော့ ချောင်လည်ဖို့ဝေး၊ ချမ်းသာစရာမရှိ ဆိုရပေလိမ့်မယ်။ နိုင်ငံရေးအကြောင်းပြပြီး ကိုယ့်မြင်းကိုယ်စီးလို့ အထီးမုန်း၊ အမမုန်းမသိကြတဲ့မောင်တွေလေ။

အမုန်တရားကို ပြောဆိုသူလောက် ပိုပြီးအမုန်းခံရတဲ့လူဆိုတာ မရှိပါဘူးတဲ့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၄၀၀ ကျော်လောက်ကတည်းက ဂရိတွေးခေါ်ပညာရှင် ပလေတို (ဘီစီ ၄၂၇-၃၄၇) ဟောခဲ့ပြောခဲ့ပါရဲ့။ မုန်တာကိုပြောရင် လူမုန်းများတယ်ဆိုတာ အများပင်သိကြပြီးသားပါ။ မုန်းချင်လည်းမုန်းပါစေ။

ဘာပဲဖြစ်ဖြစ်လေ၊ မှန်လည်းမှန်တယ်၊ ကောင်းလည်းကောင်းတယ်။ ကြားရသိရသူအတွက် အကျိုးလည်းရှိစေမှာသေချာတယ်။ အချိန်အခါအခြေအနေနဲ့လည်း ဆီလျော်ကိုက်ညီတယ်ဆိုရင်တော့ ပြောရရေးရပေမယ်။

**အာဏာရရေး**

နိုင်ငံရေးအရ အာဏာရရေးအတွက် နိုင်ငံရေးမူဝါဒလမ်းစဉ်ချတဲ့နေရာမှာ တော်လှန်ရေးပဲခေါ်ခေါ်၊ သူပုန်ထတယ်ပဲပြောပြော၊ ဘယ်လိုပဲအမည်နာမတံဆိပ်ကပ်ပါစေ၊ အနှစ်သာရပါရှိချက်လက္ခဏာအင်္ဂါရပ်မှာ ဒီလေးချက်ကိုက်ညီမှသာ ရည်မှန်းချက်ပန်းတိုင်အောင်မြင်နိုင်ပါတယ်။

**၁။ သစ္စာ-မှန်ကန်ရမယ်**

မှန်သလား၊ မှားသလား ဘာမှမစဉ်းစားမချင့်ချိန်နိုင်ဘူး။ ကိုယ့်ကိုပံ့ပိုးကျွေးမွေးတဲ့ ပြည်ပအဖွဲ့အစည်းတွေ ခိုင်းစေသမျှ လိုက်နာလုပ်ဆောင်နေရတယ်ဆိုရင် ဘယ်တော့မှမအောင်မြင်နိုင်ပါဘူး။ အရှုံးနဲ့သာရင်ဆိုင်ရစမြဲသာ။ ပြည်ပြေးအစိုးရ စိန်ဝင်းတို့အဖွဲ့၊ ပြည်ပြေးအစိုးရဟန်ညောင်ဝေတို့အဖွဲ့၊ ပြည်ပြေးဦးနုအစိုးရအဖွဲ့ စတဲ့ သူတို့သူတို့ရဲ့အားသာချက်၊ အားနည်းချက်တွေကို လေ့လာကြည့်လိုက်ပါ။ မှန်သလား၊ မှားသလား။ ငါတို့ဘယ်လမ်းကိုလျှောက်လို့ ဘယ်စခန်းရောက်မှာပါလိမ့်။

**၂။ ဓမ္မ-တရားမျှတ ဓမ္မနဲ့ညီညွတ်ရမယ်။**

ဓမ္မောဟဝေရက္ခတိဓမ္မစာရီ။ တရားကိုစောင့်တဲ့သူကို တရားမျှတခြင်းဆိုတဲ့ဓမ္မက ပြန်လည်စောင့်ရှောက်ကယ်တင်တယ်။ ကူညီတယ်။ တကယ်လို့ နိုင်ငံရေးဝါဒ၊ နိုင်ငံရေးလမ်းစဉ် ဘယ်အရောင်၊ ဘယ်စာလုံးရေးထားထား တရားနဲ့မညီဘဲ လူသတ်၊ ဓားပြတိုက်၊ မိုက်ကြေးခွဲ၊ ဆက်ကြေးကောက်၊ ဂိတ်ကြေးတောင်း၊ ကျောင်းတွေမီးရှို့၊ ကျောင်းဆရာမတွေသတ်ဖြတ်နှိပ်စက်၊ ပြည်သူလူထုကို ခြိမ်းခြောက်လုယက်၊ တံတားတွေချိုးဖျက်၊ လျှပ်စစ်တာဝါတိုင်တွေ မိုင်းခွဲဖျက်ဆီး၊ ရွာတွေကိုမီးရှို့။

အဓမ္မတွေ မိုက်မဲကြမ်းတမ်းရိုင်းစိုင်းစွာလုပ်ဆောင်နေသမျှဟာ ကိုယ်ပြုတဲ့ကံ ပဲ့တင်သံလို ကိုယ့်ထံပြန်လာမယ်။ အနှေးနဲ့အမြန်ပဲ။ ပြည်သူက အော့ကြောလန်လာပြီ။ မင်းတို့ရဲ့မသမာမှု၊ မိုက်မဲမှုတွေကို ပံ့ပိုးကူညီတာ လုပ်မှာမဟုတ်တော့ဘဲ ဆန့်ကျင်လာကြပါပြီ။ ကျန်တဲ့ဝီရိယနဲ့ စာဂအကြောင်း မဖော်ပြတော့ပါ။

**ကံဆိုးသူ**

မင်းတို့ကို အပြစ်မဆိုပါဘူး။ မင်းတို့ဘဝက ရှေးရှေးအတိတ်ကံတွေအရ သန္ဓေဆိုးခဲ့ကြတယ်။ မသာယာတဲ့ပတ်ဝန်းကျင်အခြေအနေဆိုးနဲ့ တိုးခဲ့ကြရတယ်။ နားလည်မိပါတယ်။ စာနာပါတယ်။

တကယ်တော့ ကိုယ်ဖြစ်ချင်တဲ့မိဘဝမ်းထဲရွေးပြီး ဝင်လို့ရတာမှမဟုတ်ဘဲ။ ကံပစ်ချတဲ့အတိုင်း ရိုင်းစိုင်းယုတ်ညံ့တဲ့မိဘ၊ အသိဉာဏ်နည်းတဲ့မိဘ၊ စေတနာမေတ္တာခေါင်းပါးတဲ့ မိဘရဲ့ညံ့ဖျင်းနုံချာတဲ့ အဆုံးအမပဲ ရခဲ့တာဖြစ်ပါလိမ့်မယ်။ သားမိုက်၊ သမီးမိုက်တွေမွေးခဲ့သူတွေရဲ့ မိဘမကောင်းခဲ့လို့သာ။ သားသမီးမကောင်းမိဘခေါင်း။ မင်းတို့ဟာ လူလိမ္မာပညာရှိရဲ့သားသမီးမဖြစ်ခဲ့ရရှာဘူး။

စစ်အေးတိုက်ပွဲဆိုတာ(၁၂-၃-၁၉၄၇ မှ ၂၆-၁၂-၁၉၉၁ ထိ)ကမ္ဘာပေါ်မှာရှိခဲ့တယ်ကွဲ့။ နိုင်ငံရေးအရ ဘဝနဲ့ရင်းပြီး လက်နက်ကိုင်တောခိုသူပုန်ထတယ်ဆိုရင် အခုပြောပြတဲ့ နိုင်ငံတကာနိုင်ငံရေးမြင်ကွင်းကျယ်ကို နောက်ခံကားအဖြစ် သိမြင်အောင်လေ့လာထားသင့်တယ်။ ၄၅ နှစ်လောက်ကြာတဲ့ ကမ္ဘာ့စစ်အေးတိုက်ပွဲကာလထဲမှာ မင်းမိဘကော၊ မင်းတို့ကိုကော မွေးဖွားခဲ့ကြတယ်။ မင်းလူဖြစ်လာတဲ့ ကာလဟာ ခေတ်ဆိုးခေတ်ယုတ်ကြီးပါ။

**နောက်ခံကား**

၁။ အမေရိကန်ဟာ ၁၉၅၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၁၉၇၅ ခုနှစ် ဧပြီ ၃၀ ရက်ထိ အနှစ် ၂၀ တိတိ ဗီယက်နမ်နိုင်ငံကိုခြေလျင် တပ်၊ အမြောက်တပ်၊ တင့်ကားတပ်၊ လေတပ်တွေနဲ့ ဖွတ်ဖွတ်ညက်ညက်ကြေအောင် ကျူးကျော်ရက်စက်သတ်ဖြတ်နှိပ်စက် တိုက်ခိုက်ခဲ့တယ်။ ရွာသူ၊ ရွာသားတွေကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ပြီး ရွာတွေကို ရွာလုံးကျွတ်မီးရှို့ခဲ့ကြတယ်။ အမေရိကန်ဟောလိဝုဒ်ရုပ်ရှင်တွေ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၇၅ ဧက စိုက်ပျိုးမည်

မြောင်းမြ မေ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၁၂၇၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ မိုးသီးနှံအဖြစ် ပီလောပီနံ ၁၂၇၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပီလောပီနံ ၁၂၇၅ ဧကကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့်မြေယာပြုပြင်သည့်လုပ်ငန်းများကို စတင်ဆောင်ရွက်နေကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပီလောပီနံစိုက်ဧက လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့နဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးပြီးရင်လဲ သီးနှံတွေကို ပိုးမွှားမကျရောက်စေဖို့ ကြိုတင်ကွင်းဆင်းနည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပါတယ်။ အခုနှစ် မိုးသီးနှံတွေကို ဇွန်လနဲ့ဇူလိုင်လတွေမှာ စိုက်ပျိုးမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် စိုက်ပျိုးသည့် ပီလောပီနံပင်အမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်ရှူးဆွတ်ပြီး ရောင်းချနိုင်ကြောင်း၊ ထွက်ရှိလာသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြရာ ယခင်နှစ်က ပီလောပီနံတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ထိ ဈေးရရှိခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပီလောပီနံစိုက်ခင်းကို တွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

မှာတော့ ပြောင်းပြန်ဇာတ်ခင်းပြီး သူတို့က ဇာတ်လိုက်၊ ဗီယက်ကောင်းက လူကြမ်း အဲဒီလို မသမာမမှန်ကန် မတရားတာတွေ ပြသတာပေါ့။

၂။ ကိုရီးယားစစ် ၁၉၅၀ ပြည့်နှစ် ဇွန် ၂၅ ရက်မှ ၁၉၅၃ ခုနှစ် ဇူလိုင် ၂၇ ရက်ထိ အမေရိကန်က ကိုရီးယားကို သုံးနှစ်ကြာ ကျူးကျော်သိမ်းပိုက်တိုက်ခဲ့တယ်။ ဗီယက်နမ်ကော၊ ကိုရီးယားစစ်ကော အကြီးအကျယ်ရှုံးနိမ့်လို့ ဆုတ်ခွာထွက်ပြေးခဲ့ကြရတယ်။

၃။ ကျူးဘားဒုံးပျံအရေးအခင်း ၁၉၆၂ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ ၂၉ ရက်ထိ။ လေ့လာကြည့်ပါ။

၄။ ပင်လယ်ကွေ့စစ်ပွဲ ၁၉၉၀ ပြည့်နှစ် ဩဂုတ် ၂ ရက်မှ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်ထိ။

၅။ အီရန်စစ်ပွဲ၊ အီရတ်စစ်ပွဲ၊ အီဂျစ်၊ လစ်ဗျား၊ အာဖဂန်နစ္စတန်စစ်ပွဲ စသဖြင့် အမေရိကန်ကြည်း၊ ရေ၊ လေတပ်တွေနဲ့ ကျူးကျော်စစ်တွေ။

၆။ ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ထိ ဆိုဗီယက်အာဖဂန် ၁၀ နှစ်ကြာစစ်ပွဲ။

တောင်အမေရိကနဲ့ အာဖရိကတိုက်ရှိ နိုင်ငံများစွာကို အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ စတဲ့စစ်အင်အားကြီး အရင်းရှင်နယ်ချဲ့နိုင်ငံတွေက မတရားသဖြင့် အနိုင်ကျင့်ဗိုလ်ကျကျူးကျော်ဖိနှိပ်ခဲ့ကြတယ်။

**မသမာမှု**

အမေရိကန်ပြည်ထောင်စု ငပွကြီးတစ်နိုင်ငံတည်းက စစ်အေးကာလအတွင်းမှာ-

၁။ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို စတဲ့ အပါအဝင် လူဦးရေသန်း ၂၀ ကျော်ကိုသတ်ဖြတ်ခဲ့ကြ။ ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံထဲက သစ်တောတွေ သစ်ပင်မပေါက်အောင် လေယာဉ်ပျံတွေနဲ့ အဆိပ်တွေဖျန်းခဲ့သေးတယ်။

၂။ နိုင်ငံတကာရွေးကောက်ပွဲ ၈၆ ခုကို နည်းမျိုးစုံနဲ့ နှောင့်ယှက်ခဲ့တယ်။

၃။ နိုင်ငံတွေရဲ့ ခေါင်းဆောင်အယောက် ၅၀ ကို သတ်ဖြတ်လုပ်ကြံခဲ့တယ်။

၄။ လူနေအိမ်ခြေမြို့ရွာတွေကို နိုင်ငံပေါင်း ၃၀ မှာ ဗုံးကြဲတိုက်ခိုက်ခဲ့တယ်။

၅။ ဗီယက်နမ်လူမျိုး ငါးသန်းကျော်ကို သတ်ခဲ့တယ်။

၆။ အီရတ်မှာ ၂၀၀၃ ခုနှစ်ကနေ ယနေ့ထိ လူဦးရေ တစ်သန်းကျော်သေစေခဲ့တယ်။

၇။ အာဖဂန်နစ္စတန်၊ ဆိုမာလီယာ၊ ယီမင်၊ ဆီးရီးယား၊ လစ်ဗျား၊ ပါကစ္စတန်၊ အီရတ်နိုင်ငံတွေမှာ အမေရိကန်က ရည်ရွယ်ချက်ရှိရှိ လေကြောင်းကနေဗုံးတွေကြဲချခဲ့တယ်။

၈။ စစ်အေးတိုက်ပွဲကာလအတွင်း အမေရိကန်ပြည်ထောင်စုက ဘက်ပေါင်းစုံဖိအားပေးတဲ့ နည်းလမ်းတွေနဲ့(သူမကြိုက်တဲ့) အစိုးရအဖွဲ့ ၃၆ ခုကို ဝင်ရောက်ခြယ်လှယ်စွက်ဖက်ပြီးဖြုတ်ချခဲ့တယ်။(မြန်မာတော့ မပါခဲ့သေးဘူး။ သူတို့ကြိုးစားနေခဲ့တာ နှစ်ပေါင်းကြာပြီ။ အခုလဲ ကြိုးစားနေဆဲပဲ။ အဲဒီအခြေအနေမှာ မင်းဟာ နိုင်ငံနဲ့လူမျိုးကို ကာကွယ်ရမဲ့တာဝန်ရှိပါလျက်နဲ့ ဖျက်ဆီးမီးရှို့လုယက်၊ သတ်ဖြတ်သူအဖြစ် ပါဝင်နေတာ သိရပြီလား)အရင်က မသိခဲ့၊ မမြင်ခဲ့၊ နားမလည်ခဲ့လို့ မိုက်မဲမှားယွင်းခဲ့မိတယ်ဆိုရင် ရှိပါစေတော့။ အခုသိပြီပေါ့။

**နိဂုံး**

မင်းဟာ သွေးအလူးလူးနဲ့ လက်မှာသွေးတွေပေကျံနေတဲ့ လူသတ်သမားဖြစ်စေဦးတော့ စာရေးသူက လက်စားမချေပါဘူး။ ဒါဟာ ကိုယ့်အလုပ်မဟုတ်ဘူး။ ကိုယ့်ရှေ့မှာ ပြည်သူတစ်ယောက်ကို မတရားနှိပ်စက်သတ်ဖြတ်နေရင်တော့ ကိုယ်ကဝင်တားပြီး ကာကွယ်ပေးရမှာပဲ။ မရှောင်လွှဲဘူး။ အကြမ်းဖက်သမားဆိုစေဦး မရှောင်လွှဲဘူး။ မတရားတာကို ခေါင်းငုံ့ခံရလောက်အောင် ကိုယ်တို့အသိဉာဏ်မနိမ့်ဘူး။ သတ္တိမနည်းဘူး။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းကို ကိုယ်တို့ပြည်သူတွေက ငြိမ်းချမ်းအောင် ကာကွယ်ကြမှာပဲ။ ဥပဒေအရ တို့တစ်တွေဟာ ခွင့်တူညီမျှခံစားကြရပါမယ်။

## ပညာတတ်ဖို့ ကျောင်းအပ်စို့

\- ဂိမှာန်နွေလ ကုန်ရချိန်ခါ
ဝသန်ကာလ အစရောက်လို့လာ
မိုးဖွဲဖွဲရွာ မြေလွှာဆွတ်ဖျန်း
မြေသင်းနံ့လှိုင် တစ်မျိုးကြိုင်
ရှိုးနိုင်ပါလှ ဆန်းသည်နှင့်လေး။

\- ကွင်းပြင်စိမ်းလန်း လုပ်ငန်းပြိုင်ဆိုင်
စိုက်ရေးပျိုးရေး မနေးလုပ်အားလှိုင်
ရိက္ခာပိုင်ပိုင် ထုတ်နိုင်ဖို့ရေး
ချွေးနှင့်ရင်းကာ မောနိုင်ပါ
ပြည်ရွာဝမ်းစာပေးသည်နှင့်လေး။

\- နိုင်ငံ့ရင်သွေး နောင်ရေးစဉ်မြော်
ပညာရည်ချင်း ဖြည့်တင်းပါစို့နော်
သာစွကျောင်းတော် ပေါင်းဖော်တူသွား
လို့လစိုက်ကာ ပျော်ရွှင်စွာ
ဆက်ကာသင်ယူပွားသည်နှင့်လေး။

\- ပြည်ရွာစည်ကား ထွန်းကားစေရာ
ပညာရင်းမြစ် အစစ်လိုပေတာ
ကြိုးပမ်းလို့သာ သင်ပါမပြတ်
ဘဝလိုအင် ပြည့်လိုလျှင်
အစဉ်သာ ဖြည့်ဆည်းအပ်သည်နှင့်လေး။

\- ပညာမတတ် နေလတ်သူမလေ
တွေးခေါ်ညံ့သွား မှန်မှားမသိချေ
လှည့်စားတိုင်းလေ မသွေယုံကြ
သူများခြယ်လှယ် ခံရမယ်
တကယ်နုံချာရသည်နှင့်လေး။


\- ထို့ကြောင့်သာပ မှတ်ကြစေရည်
ပညာပြည့်မှ ဘဝတိုးတက်မည်
အမိတို့ပြည် သာစည်ဖို့လည်း
ပညာကိုသာ ရှေ့ဆောင်ရာ
အောင်မှာသေချာစွဲသည်နှင့်လေး။

\- အားလုံးရင်ထဲ သိစွဲညီညီ
ပညာမြင့်မှ တင့်ရလူမျိုးတည်
အခြေခံသည် ကျောင်းမည်သည်ပ့ါ
မြှင့်ဖို့ပညာ တည်နေရာ
ကျောင်းမှာသေချာစသည်နှင့်လေး။

\- သင့်စွပေါင်းအဖော် အရေးရာမြတ်ဖို့ရည်။
ဖွင့်ပါ့ကျောင်းတော် မနေးသာအပ်စို့အတည်။ ။

ညွန့်ဝင်း(နတ်တလင်း)

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းအရှေ့ပိုင်း ဘက်ခ်မတ်တိုက်ပွဲအဆုံးသတ်ခဲ့မှုအတွက် ဝဂ္ဂနာအုပ်စုနှင့် ရုရှားတပ်များကို သမ္မတပူတင် ဂုဏ်ပြု



**မော်စကို မေ ၂၁**

ယူကရိန်းအရှေ့ပိုင်း ဘက်ခ်မတ်မြို့ကို သိမ်းယူနိုင်ခဲ့သည့်အတွက် ဝဂ္ဂနာပုဂ္ဂလိကလက်နက်ကိုင်တပ်ဖွဲ့နှင့် ရုရှားတပ်များကို ရုရှားသမ္မတပူတင်က ယနေ့တွင် ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘက်ခ်မတ်မြို့တိုက်ပွဲမှာ ရုရှား၏အောင်ပွဲဖြင့် အဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း ယင်းတိုက်ပွဲ၌ ရုရှားနိုင်ငံဘက်မှပါဝင်တိုက်ခိုက်ပေးခဲ့သူများကို နိုင်ငံတော်အဆင့် ဘွဲ့တံဆိပ်များချီးမြှင့်မည်ဖြစ်ကြောင်း ရုရှားသမ္မတ၏ကြေညာချက်၌ ဖော်ပြထားသည်။

ဝဂ္ဂနာထိုးစစ် အုပ်စုများနှင့် ယင်း ထိုးစစ်အုပ်စုများအတွက် လိုအပ်သည့်ထောက်ပို့လုပ်ငန်းများ ပံ့ပိုးပေးခဲ့ကြသည့် ရုရှားတပ်များကြောင့် ဘက်ခ်မတ်မြို့လွတ်မြောက်ရေးတိုက်ပွဲ အဆုံးသတ်ခဲ့ရခြင်းဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ဘက်ခ်မတ်မြို့ကို စစ်ရေးအရ ထိန်းချုပ်ထားနိုင်ပြီ ဖြစ်ကြောင်း ဝဂ္ဂနာအုပ်စုခေါင်းဆောင် ယက်ဗ်ဂျင်နီပရီဂိုဇင်က ယနေ့မှာပင် ပြောကြားထားသည်။

၁၅ လကြာ ယူကရိန်းစစ်ရေးပဋိပက္ခကာလအတွင်း ဘက်ခ်မတ်မြို့တိုက်ပွဲမှာ အပြင်းထန်ဆုံးတိုက်ပွဲများထဲတွင် ပါဝင်ခဲ့သည်။

ဘက်ခ်မတ်မြို့ အခြေအနေနှင့်ပတ်သက်၍ ရုရှားနိုင်ငံ၏ ကြေညာချက်များကို ယူကရိန်းအစိုးရက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။ KKO

## အယ်လ်ဆာဗေဒိုး၌ ဘောလုံးပွဲလူပြိုမှုဖြစ်ပွား အနည်းဆုံး လူပေါင်း ၁၂ ဦးသေဆုံး

**ဆန်ဆာဗေဒိုး မေ ၂၁**

အယ်လ်ဆာဗေဒိုးနိုင်ငံ ဆန်ဆာဗေဒိုးမြို့ ဘောလုံးကွင်းတစ်ကွင်း၌ မေ ၂၀ ရက်က ပွဲစဉ်တစ်ပွဲကျင်းပနေစဉ် လူပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ၁၂ ဦး သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကတ်စကတယ်တန် အမည်ရှိ အားကစားကွင်း၌ ပြည်တွင်းဘောလုံးအသင်း နှစ်သင်း ရှစ်သင်း ပတ်လည်ပွဲစဉ်တစ်ခု ယှဉ်ပြိုင်ကစားနေစဉ် လူပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ဆာဗေဒိုးရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဘောလုံးပွဲ လူပြိုမှုအတွင်း ဒဏ်ရာရသူများ ရှိခဲ့သော်လည်း မည်မျှမည်မျှ ဒဏ်ရာများရခဲ့သည်ကို အတိအကျမသိရသေးကြောင်း သိရသည်။

သို့သော် အရေးပေါ်ဆေးဝန်ထမ်းများ၏အဆိုအရ ဘောလုံးပွဲလူပြိုမှုအတွင်း လူပေါင်း ၁၀၀ ကျော် ဒဏ်ရာများ ရထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အယ်လ်ဆာဗေဒိုး တာဝန်ရှိသူများသည် ဘောလုံးပွဲလူပြိုမှု ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။

လူပြိုမှုဖြစ်ပွားခဲ့ရာ ကတ်စကတယ်တန်အားကစားကွင်းသည် ပရိသတ် ဦးရေ ၄၃၀၀၀ ဆံ့ အားကစားကွင်းဖြစ်ကြောင်း သိရသည်။ KKO



## ယခုနှစ်ဧပြီလ တရုတ်ပို့ကုန်များ မြောက်ကိုရီးယားသို့ ဝင်ရောက်မှု ၆၉ ရာခိုင်နှုန်းထိ မြင့်တက်လာ

**ပေကျင်း မေ ၂၁**

ယခုနှစ်ဧပြီလအတွင်း မြောက်ကိုရီးယားနိုင်ငံတွင်းသို့ တရုတ်ပို့ကုန်များဝင်ရောက်မှုပမာဏသည် ယမန်နှစ် ဧပြီလနှင့်နှိုင်းယှဉ်ပါက မြင့်တက်လာကြောင်း တရုတ်အစိုးရစာရင်းဇယားကို ကိုးကား၍ ရိုက်တာသတင်းဌာနက မေ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသို့ ယခုနှစ် ဧပြီလအတွင်း ဝင်ရောက်ခဲ့သည့် တရုတ်ပို့ကုန်ပမာဏသည် နှစ်အလိုက်နှိုင်းယှဉ်ပါက ၆၉ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၆ သန်းထိ ရှိခဲ့သည်။

ယခုနှစ်ဧပြီလအတွင်း မြောက်ကိုရီးယားနိုင်ငံက တရုတ်နိုင်ငံမှ အဓိက ဝယ်ယူတင်သွင်းခဲ့သည့် ပို့ကုန်များမှာ ဆံပင်တုပြုလုပ်ရာတွင် အသုံးပြုမည့် သန့်စင်ပြီး ဆံပင်နှင့်သိုးမွှေးများဖြစ်ပြီး စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ သန်းထိ ရှိခဲ့သည်။

ထို့အတူ မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ်ဧပြီလအတွင်း တရုတ်နိုင်ငံမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၇ သန်းတန်ဖိုးရှိ ဆန်များကိုလည်း ဝယ်ယူတင်သွင်းခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ တရုတ်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံသို့တင်ပို့ခဲ့သည့် ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆၀၃ သန်းထိ ရှိခဲ့သည်။

နိုင်ငံတကာအရေးယူပိတ်ဆို့မှုများနှင့်ရင်ဆိုင်နေရသည့် မြောက်ကိုရီးယားနိုင်ငံအတွက် တရုတ်နိုင်ငံသည် အဓိကကုန်သွယ်ဘက်နိုင်ငံဖြစ်ကြောင်း သိရသည်။ KKO

## မက္ကဆီကိုနိုင်ငံ ကားမောင်းပြိုင်ပွဲတစ်ခု၌ သေနတ်ပစ်ခတ်မှုကြောင့် အနည်းဆုံး ၁၀ ဦးသေဆုံး

**မက္ကဆီကိုစီးတီး မေ ၂၁**

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်း ဘာဂျာကာလီဖိုးနီးယားပြည်နယ် ကားပြိုင်ပွဲတစ်ပွဲ၌ မေ ၂၀ ရက်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံး၍ ကိုးဦး ဒဏ်ရာများရရှိခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါသေနတ်ပစ်ခတ်မှုသည် အန်ဆီနာဒါမြို့ ဝန်မီစင်တာနယ်မြေတွင် ပြုလုပ်နေသော ယာဉ်မောင်းပြိုင်ပွဲ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်အတွင်း မီးခိုးရောင် ဗင်ကားတစ်စီးဖြင့် ရောက်ရှိလာသည့် သေနတ်သမားများက ကားမောင်းပြိုင်ပွဲ၌ ပါဝင်နေသူများကို ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကို တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သေနတ်သမားများ အနေဖြင့် အဘယ်ကြောင့် ပစ်ခတ်မှုများ ကျူးလွန်ခဲ့ရသည်ကို မသိရသေးကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က ပြောကြားထားသည်။

မေ ၂၀ ရက် သေနတ်ပစ်ခတ်မှုကို စုံစမ်းစစ်ဆေးရေးအတွက် အထူးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် မက္ကဆီကိုတာဝန်ရှိသူများက စီစဉ်ထားသည်။

အန်ဆီနာဒါမြို့သည် လူဦးရေ ၄၄၀၀၀၀ နေထိုင်ပြီး အမေရိကန်နယ်စပ်အနီးတည်ရှိသည့်မက္ကဆီကိုနယ်စပ်မြို့ဖြစ်ကြောင်း သိရသည်။ KKO

## ၂၀၂၄ ခုနှစ် ကွာ့ဒ်ထိပ်သီးညီလာခံအိမ်ရှင်အဖြစ် အိန္ဒိယနိုင်ငံက လက်ခံကျင်းပမည်

**ဒေလီ မေ ၂၁**

ဒေသတွင်း အလွတ်သဘောလုံခြုံရေးမဟာမိတ်အုပ်စုဖြစ်သည့် ကွာ့ဒ်အုပ်စု၏ ၂၀၂၄ ခုနှစ်ထိပ်သီးညီလာခံကို အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မေ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ကွာ့ဒ်အုပ်စုထိပ်သီးဆွေးနွေးပွဲကို မူလက သြစတြေးလျနိုင်ငံ၌ကျင်းပရန် စီစဉ်ထားသော်လည်း သြစတြေးလျခရီးစဉ်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ဖျက်သိမ်းခဲ့ရပြီးနောက် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့၌ ကျင်းပသည့် ဂျီ-၇ ထိပ်သီးညီလာခံတွင် သီးခြားဆွေးနွေးပွဲအဖြစ် နေရာပြောင်း၍ ကျင်းပခဲ့ရသည်။

၂၀၂၄ ခုနှစ် ကွာ့ဒ်အုပ်စုထိပ်သီးညီလာခံကိုမူ အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မိုဒီက မေ ၂၀ ရက်တွင် အတည်ပြုပြောကြားထားသည်။



ကွာ့ဒ်အုပ်စုသည် အင်ဒို-ပစိဖိတ်ဒေသ၌ တရုတ်နိုင်ငံသြဇာကြီးမားလာမှုကို တုံ့ပြန်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားသော အလွတ်သဘောမဟာမိတ်အဖွဲ့ဖြစ်သည်။


ကွာ့ဒ်အုပ်စုတွင် အဖွဲ့ဝင်များအဖြစ် အမေရိကန်နိုင်ငံ၊ ဂျပန်၊ သြစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်သည်။

ယခုနှစ် ဂျီ-၂၀ အုပ်စု၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သော အိန္ဒိယနိုင်ငံသည် ယခုနှစ်စက်တင်ဘာလတွင်လည်း ဂျီ-၂၀ ထိပ်သီးညီလာခံကို နယူးဒေလီမြို့၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။ KKO

STOP COVID-19

# SCIENCE AND TECHNOLOGY

## နိုင်ငံတကာ သိပ္ပံပညာရှင်အဖွဲ့ တစ်ဖွဲ့က အင်္ဂါဂြိုဟ်မျက်နှာပြင် မြောက်ပိုင်းဒေသ၌ သမုဒ္ဒရာတစ်စင်းတည်ရှိခဲ့မှု၏အထောက်အထားများကို ရှာဖွေတွေ့ရှိထား



**ပေကျင်း မေ ၂၁**

တရုတ် သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့သည် အင်္ဂါဂြိုဟ်မျက်နှာပြင် မြောက်ပိုင်းဒေသ၌ သမုဒ္ဒရာတစ်စင်းတည်ရှိခဲ့မှု၏ အထောက်အထားများကို ရှာဖွေတွေ့ရှိထားကြောင်း ဂလိုဘယ်လ်တိုင်းမ်သတင်းစာက မေ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ၏ ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လှည့်လာရေးယာဉ် မှရရှိထားသော အချက်အလက်များအကူအညီဖြင့် အင်္ဂါဂြိုဟ် ရှေးဟောင်းသမုဒ္ဒရာတစ်စင်း၏သဲလွန်စများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင် လှည့်လာရေးယာဉ်၏ အကူအညီဖြင့် အင်္ဂါဂြိုဟ်မြောက်ပိုင်း၌ အနည်ကျကျောက်လွှာများတည်ရှိနေမှုကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါအနည်ကျကျောက်လွှာများသည် ၎င်းနယ်မြေ၌ တစ်ချိန်သောအခါက သမုဒ္ဒရာတစ်စင်းရှိခဲ့ဖူးသည်ကိုပြသနေသောအထောက်အထားဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် အင်္ဂါဂြိုဟ်သည် အေးမြခြောက်သွေ့လွန်းသည့်ဂြိုဟ်တစ်ခု ဖြစ်နေသော်လည်း လွန်ခဲ့သည့် နှစ်သန်းရာပေါင်းများစွာ ၎င်းဂြိုဟ်ပေါ်၌ ပင်လယ်သမုဒ္ဒရာများ ရှိခဲ့ဖူးသည်။

ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လှည့်လာရေးယာဉ်သည် ၂၀၂၁ ခုနှစ်တွင် မြောက်ပိုင်းလွင်ပြင်၌တည်ရှိသည့် ယူတိုပီးယားပလန်နီးရှားလွင်ပြင်၌ ဆင်းသက်ခဲ့ပြီး ၁၉၂၁ မီတာ အကွာအဝေးထိ လှည့်ပတ်သွားလာ၍ လေ့လာစူးစမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ KKO


## ကမ္ဘာပေါ်၌ သက်တမ်းအရင့်ဆုံးသက်ရှိအဖြစ်သတ်မှတ်ထားသည့် သက်ရှိတစ်မျိုးက လူသားများစတင်ဆင်းသက်လာခဲ့ရာ ပထမဆုံးကမ္ဘာ့သက်ရှိများမှ ဆင့်ကဲပေါ်ထွက်လာခဲ့ခြင်းဖြစ်

**ဝါရှင်တန် မေ ၂၁**

ကမ္ဘာပေါ်၌ သက်တမ်းအရင့်ဆုံး သက်ရှိအဖြစ် သတ်မှတ်ထားသည့် သက်ရှိတစ်မျိုးသည် လူသားများ စတင်ဆင်းသက်လာခဲ့ရာ ပထမဆုံးကမ္ဘာ့သက်ရှိများမှ ဆင့်ကဲပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက မေ ၂၀ ရက်က ရေးသားတင်ပြထားသည်။

ပင်လယ်ခူကောင်များနှင့်ပုံစံချင်းဆင်သည့် Ctenophore ခေါ် အဆိုပါသက်ရှိများသည် လွန်ခဲ့သော နှစ်ပေါင်းသန်း ၇၀၀ ကပင် စတင်ပေါ်ထွက်ခဲ့ပြီး ကမ္ဘာ့ပထမဆုံးသက်ရှိများနှင့် အနီးစပ်ဆုံးသက်ရှိများဖြစ်ကြကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သော နှစ်သန်း ၇၀၀ က



ရှေးယခင်က ကျောက်ဖြစ်ရုပ်ပေါ်ထွက်ခဲ့သည့် Ctenophore ကို ယနေ့ခေတ်တွင်လည်း ပင်လယ်သမုဒ္ဒရာများ၌ တွေ့နိုင်ဆဲဖြစ်ကြောင်း သိရသည်။

ကြွင်းသက်တမ်း နှစ်သန်း ၆၀၀ ထိရှိသော ရေညှိရေမှော်ပင်များကို ကမ္ဘာ့ရှေးအကျဆုံး သက်ရှိများအဖြစ် သိပ္ပံပညာရှင်များက ယူဆထားခဲ့ကြသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ Ctenophore များသည် ကမ္ဘာ့ရှေးအကျဆုံးသက်ရှိများဖြစ်သကဲ့သို့ ကမ္ဘာ့ပထမဆုံးသက်ရှိများနှင့် အနီးစပ်ဆုံးဖြစ်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ctenophore များသည် သမုဒ္ဒရာ ရေမျက်နှာပြင်အောက် လေးမိုင်ကျော်အကွာနေရာ၌ ရှင်သန်ကြသည့် သက်ရှိများဖြစ်ကြကြောင်း သိရသည်။ KKO

## Space-X ကုမ္ပဏီက ပုဂ္ဂလိကဂြိုဟ်တုအုပ်စုငယ် နှစ်ခုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မေ ၂၀ ရက်က လွှတ်တင်ခဲ့

**ဝါရှင်တန် မေ ၂၁**

အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီသည် ပုဂ္ဂလိကဂြိုဟ်တုအုပ်စုငယ်နှစ်ခုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မေ ၂၀ ရက်က လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

Iridium ကုမ္ပဏီနှင့် One Web ကုမ္ပဏီတို့၏ ဂြိုဟ်တု ၂၁ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် Irid-ium ဂြိုဟ်တုငါးစင်းတစ်သုတ်နှင့် One Web ဂြိုဟ်တု ၁၆ စင်း တစ်သုတ်တို့ကို တစ်ကြိမ်နှင့် တစ်ကြိမ် မိနစ် ၃၀ ခြား၍ သက်ဆိုင်ရာ ပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ၏ ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် တွဲရေယာဉ်ပေါ်၌ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

Space-X ကုမ္ပဏီသည် ဗြိတိန်အခြေစိုက် အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီဖြစ်သည့် One Web ကုမ္ပဏီ၏ One Web ဂြိုဟ်တုများကို အစင်း ၄၀ ထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယနေ့တွင်လည်း သုံးရက်တာ ကာလအတွင်း တတိယမြောက်မစ်ရှင်အဖြစ် ပုဂ္ဂလိက အာကာသခရီးသည် လေးဦးကို နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။ KKO

# HEALTH

## ဗိုင်းရပ်တစ်မျိုးနှင့် MS တို့ကြား ဆက်စပ်မှုကို ဆွီဒင်သုတေသနပညာရှင်များက တင်ပြထား

**စတော့ဟုမ်း မေ ၂၁**

Epstein - Barr ခေါ် ဗိုင်းရပ်တစ်မျိုးနှင့် ဗဟိုအာရုံနှာ့ဗ်ဆဲလ်စနစ်ပျက်စီးမှုရောဂါ (MS) တို့ကြား ဆက်စပ်မှုကို ဆွီဒင်သုတေသနပညာရှင်များက လေ့လာတင်ပြထားကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၀ ရက်က ရေးသားတင်ပြထားသည်။

အချို့လူများ၏ Epstein-Barr ဗိုင်းရပ်ဆန့်ကျင်ရေး ပဋိပစ္စည်းများသည် ဦးနှောက်နှင့် ကျောရိုးဆစ်များအတွင်းရှိ ပရိုတင်းတစ်မျိုးကို မှားယွင်းတိုက်ခိုက်တတ်ကြောင်း ဆွီဒင်သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

Epstein-Barr ဗိုင်းရပ်တွင်ရှိသည့် ပရိုတင်းတစ်မျိုးကို တွယ်ကပ်တတ်သည့် ပဋိပစ္စည်းများသည် CRYAB ခေါ် ဦးနှောက်နှင့် ကျောရိုးအတွင်းရှိ ပရိုတင်းတစ်မျိုးကိုလည်း တွယ်ကပ်ဖျက်ဆီးတတ်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Epstein-Barr ဗိုင်းရပ်တိုက်ဖျက်ရေးပဋိပစ္စည်းများသည် အာရုံနှာ့ဗ်ဆဲလ်စနစ်ကို တိုက်ခိုက်တတ်မှုကြောင့် MS ရောဂါလက္ခဏာများ ပေါ်လာတတ်သည်ကို တွေ့ရကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် MS လူနာ ၇၀၀ ကျော်တို့၏ သွေးနမူနာများကို စစ်ဆေးပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Epstein-Barr ဗိုင်းရပ်ကြောင့် MS ရောဂါဖြစ်ပွားနိုင်ကြောင်း ရှေးယခင်ကပင်သိထားကြသော်လည်း အခြေအနေနှစ်ရပ်ကြား မည်သို့ဆက်စပ်နေသည်ကို မသိခဲ့ကြကြောင်း သိရသည်။ KKO

## မျောက်ကျောက်ရောဂါအတွက် အသုံးပြုခွင့်ပေးထားသော ကာကွယ်ဆေး နှစ်လုံးထိုးနှံရုံဖြင့် ထိရောက်မှုရှိ

**နယူးယောက် မေ ၂၁**

မျောက်ကျောက်ရောဂါ (M Pox) ကို ထိန်းချုပ်ရေးအတွက် မကြာသေးမီကမှ အသုံးပြုခွင့်ပေးထားသော ကာကွယ်ဆေးတစ်မျိုးသည် နှစ်လုံးထိုးနှံရုံဖြင့် မျောက်ကျောက်ရောဂါကို ကာကွယ်ရာတွင် ထိရောက်မှုရှိကြောင်း ယူပီအိုင်သတင်းဌာနက မေ ၂၀ ရက်က ရေးသားတင်ပြထားသည်။


Jynneos အမည်ရှိ အဆိုပါ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးကို ဒိန်းမတ်အခြေစိုက် Ba-varain Nordic ဇီဝနည်းပညာကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Bavarain Nordic ကုမ္ပဏီသည် Jynneos မျောက်ကျောက်ရောဂါ ကာကွယ်ဆေးကို မူလက ကျောက်ရောဂါ (Small Pox) ကို ကာကွယ်ရေးအတွက် ရည်ရွယ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုများအရ Jynneos ကာကွယ်ဆေး နှစ်လုံးထိ ထိုးနှံထားပါက မျောက်ကျောက်ရောဂါကိုလည်း ၈၈ ရာခိုင်နှုန်းထိ ထိရောက်စွာ ကာကွယ်နိုင်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ မျောက်ကျောက်ရောဂါ ကူးစက်နှုန်း ကျဆင်းနေပြီဖြစ်သော်လည်း ၎င်းရောဂါအတွက် ကာကွယ်ဆေးထိုးပေးနိုင်မှုနှုန်းမှာ နည်းပါးနေဆဲဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် မျောက်ကျောက်ရောဂါကို ကမ္ဘာ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ်မှ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပယ်ဖျက်ထားပြီးဖြစ်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Italian Open အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပိုလ်လုပွဲစဉ်သို့ မျက်ဒဗျက် တက်ရောက်

**ရိုးမား မေ ၂၁**

အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပနေသည့် Italian Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ဂရိတင်းနစ်ကစားသမား စတီဖာနို့စ်တို့ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၇-၅၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရရှိကာ ပိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ တင်းနစ်လောကတွင် အကောင်းဆုံး ကစားသမားများ စာရင်း၌ပါဝင်နေသည့် ပြိုင်ပွဲဝင်နှစ်ဦးယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲငယ်နှစ်ပွဲစလုံး၌လည်း tie-break အဆင့်ထိ ကစားခဲ့ရသည်။

မျက်ဒဗျက်က "ဆီမီးဖိုင်နယ်အဆင့်မှာကစားခဲ့ရတဲ့ပွဲစဉ်အပေါ်မှာအားရကျေနပ်မှုရှိသလို ပျော်လဲပျော်ရပါတယ်။ စွမ်းဆောင်ရည်ပိုင်းကော၊ ရလဒ်ပိုင်းအပေါ်မှာကော အားရကျေနပ်ပါတယ်။ ပွဲတစ်ပွဲမှာ အမှားအယွင်းတော့ရှိမှာပါပဲ။ တခြားပြိုင်ပွဲတွေမှာဆိုရင် အမှားတစ်ခုခုကျူးလွန်မိရင် ကိုယ့်ကိုယ်ကိုယ်ဒေါသဖြစ်မိပါတယ်။ ဒီပွဲစဉ်မှာတော့ အမှားအယွင်းရှိခဲ့လဲ စိတ်ဆိုးဒေါသထွက်တာမျိုးမရှိခဲ့သလို အလိုလိုပြုံးရယ်နေမိတယ်။ ဘာကြောင့်လဲဆိုတာတော့ ကျွန်တော်ကိုယ်တိုင်လဲမသိပါဘူး။ ဒီနေ့ပွဲစဉ်မှာပွဲအတွက် သွေးပူလေ့ကျင့်ခန်းလုပ်ဖို့ နည်းပြက ညွှန်ကြားလာတယ်။ ကျွန်တော်လဲ ညွှန်ကြားချက်အတိုင်း သွေးပူလေ့ကျင့်ခန်းလုပ်တယ်။ ဒါပေမဲ့လဲ မိုးရွာနေတယ် သွေးပူလေ့ကျင့်ခန်းမလုပ်တော့နဲ့ဆိုတော့လဲ ကျွန်တော်ကော ကျွန်တော့်နည်းပြပါ အလိုလိုရယ်မိကြတယ်။ အဓိကကတော့ စိတ်ပျော်ရွှင်နေတဲ့အတွက် ဘယ်လိုအခြေအနေမျိုးမှာမဆို ပြုံးရယ်နိုင်တယ်။ သွေးပူလေ့ကျင့်ခန်းကောင်းကောင်း မလုပ်လိုက်ရပေမဲ့လဲ ပွဲစဉ်အတွင်းမှာ ကစားနိုင်ခဲ့တဲ့ပုံစံအပေါ်မှာ အားရကျေနပ်မိတယ်။ ပိုလ်လုပွဲစဉ်မှာလဲ ဒီအနေအထားကို ဆက်ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



### ပရီးမီးယားလိဂ် ပွဲစဉ် (၃၇) ရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၃ | - | ၁ | လိဒ် |
| ဘရိုက်တန် | ၃ | - | ၁ | ဆောက်သမ်တန် |
| မန်စီးတီး | ၁ | - | ၀ | ချဲလ်ဆီး |

### စပိန်လာလီဂါ ပွဲစဉ် (၃၅) ရလဒ်

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၁ | - | ၂ | အက်စ်ပန်ညို |
| အေတီကို | ၃ | - | ၀ | အိုဆာဆူနာ |


(ဝ၄ဝ)

### အားကစားသတင်း အတိုအထွာများ

- လီဗာပူးအသင်းအနေဖြင့် ယူရိုပါလိဂ်ဝင်ခွင့်ရရှိရန်သေချာနေသော်လည်း သင်္ချာနည်းအရ နောက်ဆုံးပွဲစဉ်ထိချန်ပီယံလိဂ်ကစားခွင့်မျှော်လင့်ချက်ရှိနေသေးကြောင်း နည်းပြကလော့ပ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းက ခံစစ်ကစားသမား ကင်မင်ဂျေးကိုခေါ်ယူရန် အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ်ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင် မန်စီးတီးအသင်း ချန်ပီယံဆုဖလားဆွတ်ခူး




**မန်ချက်စတာ မေ ၂၁**

ပရီးမီးယားလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် မန်စီးတီးအသင်းသည် အဆင့်(၂)မှ အာဆင်နယ်အသင်းကို တစ်ပွဲလျော့ရမှတ် လေးမှတ်ဖြတ်တောက်နိုင်ခဲ့ပြီး အာဆင်နယ်အသင်းက နော်တင်ဟမ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် မန်စီးတီးအသင်းကပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ၃၅ ပွဲကစားအပြီးတွင် အဆင့်(၂)မှ အာဆင်နယ်အသင်းကို ရမှတ်လေးမှတ်အသာဖြင့် ဦးဆောင်နေပြီး လာမည့်ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်ကိုအနိုင်ရမှသာ ချန်ပီယံဆုဖလားရရှိရန် သေချာမည်ဖြစ်သော်လည်း အာဆင်နယ်အသင်းအနေဖြင့် ပွဲစဉ်(၃၇)တွင် နော်တင်ဟမ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့်ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် လက်ကျန်ပွဲကစားရန် သုံးပွဲအလိုတွင် ချန်ပီယံဆုဖလားရရှိခဲ့ပြီး ဘောလုံးရာသီသုံးရာသီဆက်တိုက်အမှတ်ပေးချန်ပီယံဆုဖလားရရှိခဲ့သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ်ဟု အမည်ပြောင်းလဲခေါ်ဆိုပြီးနောက်ပိုင်းတွင် ဘောလုံးရာသီ သုံးရာသီဆက်တိုက်ဆုဖလားရရှိခဲ့သည့် အသင်းမှာ မန်ယူအသင်းဖြစ်ပြီး ၂၀၀၆-၂၀၀၇၊ ၂၀၀၇-၂၀၀၈၊ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတို့တွင် ဆုဖလားရယူခဲ့သကဲ့သို့ လက်ရှိတွင်မန်စီးတီးအသင်းက ၂၀၂၁၊ ၂၀၂၂၊ ၂၀၂၃ သုံးနှစ်ဆက် ချန်ပီယံဆုရရှိခဲ့သည့် ဒုတိယမြောက် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်စီးတီးအသင်းသည် နည်းပြဂွါဒီယိုလာ တာဝန်ယူပြီးနောက်ပိုင်း အမှတ်ပေးဆုဖလား ငါးကြိမ်ထိရရှိခဲ့ပြီး လက်ရှိတွင် အမှတ်ပေးဖလား ခုနစ်ကြိမ်ဖြင့် ဒုတိယဆုဖလား အများဆုံးရရှိခဲ့သည့်အသင်းအဖြစ် ရပ်တည်နေပြီး ပရီးမီးယားလိဂ်ဟု ပြောင်းလဲပြီးနောက်ပိုင်း အမှတ်ပေးပြိုင်ပွဲသမိုင်းတွင် မန်ယူအသင်းက ၁၃ ကြိမ်ဖြင့် ပထမ၊ မန်စီးတီးက ခုနစ်ကြိမ်ဖြင့် ဒုတိယ၊ ချဲလ်ဆီးအသင်းက ငါးကြိမ်ဖြင့် တတိယ၊ အာဆင်နယ်အသင်းက သုံးကြိမ်ဖြင့် စတုတ္ထ၊ လီဗာပူးအသင်းက တစ်ကြိမ်ဖြင့် ပဉ္စမနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ML

# လာမည့်ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် ဆက်ရှိနေမည်ဟု နည်းပြအန်ဆယ်လော့တီ အတည်ပြု

**မက်ဒရစ် မေ ၂၁**

ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ အန်ဆယ်လော့တီက မိမိအနေဖြင့် လာမည့်ဘောလုံးရာသီတွင်လည်း ရီးရဲလ်မက်ဒရစ် အသင်းနည်းပြအဖြစ်ဆက်ရှိနေမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း မာကာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၆၃ နှစ်ရှိ နည်းပြအန်ဆယ်လော့တီသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က အဲဗာတန်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းကို ပြောင်းလဲကိုင်တွယ်နေသူဖြစ်ပြီး အသင်းနှင့် ၂၀၂၄ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

နည်းပြအန်ဆယ်လော့တီသည် အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင်ပင် အသင်းကို အောင်မြင်မှုများရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး စပိန်လာလီဂါဖလားအပြင် ချန်ပီယံလိဂ်ဖလားပါ ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်း မတည်မငြိမ်ဖြစ်နေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မန်စီးတီးက အသင်းကို ဆီမီးဖိုင်နယ်အဆင့်၌ ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံဆုလက်လွတ်ခဲ့ရသကဲ့သို့ စပိန်လာလီဂါပြိုင်ပွဲတွင်လည်း ချန်ပီယံဆုလက်လွတ်ခဲ့ရသည်။

ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံဆုဖလားများလက်လွတ်ခဲ့ရပြီးနောက် နည်းပြအန်ဆယ်လော့တီလည်း အနာဂတ်မရေမရာဖြစ်နေပြီး ရီးရဲလ်မက်ဒရစ်အသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် နည်းပြအပြောင်းအလဲပြုလုပ်သွားဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။

သို့သော် နည်းပြအန်ဆယ်လော့တီက "ကျွန်တော်အသင်းနဲ့စာချုပ်သက်တမ်းက တစ်နှစ်ကျန်ပါသေးတယ်။ လာမဲ့ဘောလုံးရာသီမှာလဲ ကျွန်တော်အသင်းမှာ ဆက်ရှိနေမှာပါ။ အသင်းကလဲ ကျွန်တော့်ကို တစ်ရာသီဆက်ရှိစေချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# လာလီဂါဆုဖလားရရှိခဲ့ပြီးနောက် ဘာစီလိုနာအသင်း ပထမဆုံးအိမ်ကွင်းရှုံးပွဲကြုံတွေ့

**ဘာစီလိုနာ မေ ၂၁**

ဘာစီလိုနာအသင်းသည် ပွဲစဉ်(၃၄)တွင် အက်စ်ပန်ညိုအသင်းကို အနိုင်ရခဲ့ပြီးနောက် လာလီဂါအမှတ်ပေးချန်ပီယံဆုဖလား ရရှိခဲ့သော်လည်း ဆိုစီဒက်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီ ပထမဆုံးအိမ်ကွင်းရှုံးပွဲ ကြုံတွေ့ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာ အသင်းသည် ဆိုစီဒက်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားခဲ့ရသော်လည်း ဆိုစီဒက်အသင်း၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် ပွဲအစ ငါးမိနစ်ကတည်းက ဦးဆောင်ဂိုးခွင့်ပြုခဲ့ရသောကြောင့် ဘောလုံးပိုင်ဆိုင်မှုအသာပေး၍ ချေပဂိုးရရှိရန် ထပ်မံကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းတွင် တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ ဒုတိယပိုင်းတွင် လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်တင်ခဲ့သော်လည်း ဆိုစီဒက်အသင်းကသာ ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုများပြုလုပ်နိုင်ခဲ့ပြီး ပွဲချိန် ၇၁ မိနစ်တွင် ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီးနောက် ဆိုစီဒက်အသင်းက ခံစစ်အသားပေး ကစားခဲ့သဖြင့် နာကျင်အချိန်ပိုတွင် လီဝမ်ဒေါ့စကီးက ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။



ထို့ကြောင့် ဘာစီလိုနာအသင်း ၁၈ ပွဲကစားခဲ့ရာတွင် ၁၄ ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ပထမဆုံးအိမ်ကွင်းရှုံးပွဲ ကြုံတွေ့ခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲ အိမ်ကွင်း ရမှတ် ၄၅ မှတ်ထိ ရရှိခဲ့ကြောင်း သိရသည်။

ML

# အမှတ်ပေးဇယားကို ရက်ပေါင်း ၂၄၀ ကျော်ဦးဆောင်၍ ချန်ပီယံဆုမရသည့် ပထမဆုံးအသင်းအဖြစ် အာဆင်နယ်မှတ်တမ်းဝင်




**လန်ဒန် မေ ၂၁**

အာဆင်နယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယားကို ရက်ပေါင်း ၂၄၀ ကျော်ကြာဦးဆောင်နိုင်ခဲ့သော်လည်း ချန်ပီယံဆုမရရှိခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရာသီအစပိုင်းကတည်းက အမှတ်ပေးဇယားကို တောက်လျှောက်ဦးဆောင်နိုင်ခဲ့ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်နောက်ပိုင်း ပရီးမီးယားလိဂ် ချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးနိုင်ရန် အခွင့်အရေးများရရှိခဲ့သော်လည်း နောက်ပိုင်းတွင်ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် ချန်ပီယံဆုနှင့်လွဲချော်ခဲ့ရခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် အမှတ်ပေးဇယားကို ၂၄၈ ရက်ထိ တောက်လျှောက် ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင်ရလဒ်ပိုင်းကျဆင်းလာခဲ့ပြီး ပြီးခဲ့သည့် ဧပြီလအတွင်းက လီဗာပူးအသင်း၊ ဝက်စ်ဟမ်းအသင်း၊ ဆောက်သမ်တန်အသင်းတို့နှင့် သရေရလဒ်များ ထွက်ပေါ်ခဲ့သကဲ့သို့ ချန်ပီယံဆုအတွက် အားပြိုင်နေရသည့် မန်စီးတီးအသင်းကိုလည်း ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံဆုအတွက် မျှော်လင့်ချက် စတင်နည်းပါးလာခဲ့ရသည်။

ထို့နောက် ဘရိုက်တန်အသင်းကို သုံးဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံဆုအတွက် လက်လွတ်ရရန်သေချာသလောက်ရှိခဲ့ရာမှ ပြီးခဲ့သည့် နော်တင်ဟမ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံဆုအတွက် မျှော်လင့်ချက်လုံးဝကုန်ဆုံးခဲ့ပြီး မန်စီးတီးအသင်းကို ချန်ပီယံဆုဖလား လွှဲပြောင်းပေးခဲ့ရခြင်းဖြစ်သည်။

အာဆင်နယ်အသင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အမှတ်ပေးဇယားကိုကာလရှည် ဦးဆောင်ပြီး ချန်ပီယံဆုမရရှိသည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

STA

# ၁၉၄၈ ခုနှစ်နောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ဘရန့်ဖို့ဒ်ကို စပါးအသင်း ပထမဆုံးရှုံးနိမ့်

**လန်ဒန် မေ ၂၁**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၇)အဖြစ်ကစားခဲ့သည့် စပါးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်တွင် စပါးအသင်းအနေဖြင့် အိမ်ကွင်းတွင် သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၉၄၈ ခုနှစ်နောက်ပိုင်း ဘရန့်ဖို့ဒ်အသင်းကို ပထဆုံးအကြိမ်ရှုံးပွဲ ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း Bleacher Report Football က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းက အိမ်ကွင်းတွင် ဟယ်ရီကိန်း၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဘရန့်ဖို့ဒ်အသင်းက ချေပဂိုးများနှင့် အနိုင်ဂိုးများသွင်းယူနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၅၀ နှင့် ၆၂ မိနစ်တွင် အမ်ဘူမိုနှင့် ပွဲချိန် ၈၃ မိနစ်တွင် ဝစ်ဆာတို့က သွင်းယူပေးနိုင်ခဲ့သည့်အတွက် စပါးအသင်းအနေဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပြီးခဲ့သည့် ၁၉၄၈ ခုနှစ်က ပရီးမီးယားလိဂ်ပြိုင်ပွဲဟု အမည်မတိုင်မီကရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲစဉ်များတွင် ရှုံးပွဲမရှိအောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပထမဆုံးအကြိမ်ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းဥက္ကဋ္ဌနှင့် နည်းပြကွန်တီတို့ဆက်ဆံရေး မပြေလည်မှုများကြောင့် အသင်းရလဒ်ပိုင်းများပါ ထိခိုက်လာခဲ့ပြီး နည်းပြကွန်တီ ထုတ်ပယ်ခံခဲ့ရပြီး နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်ပိုင်းများပိုမိုဆိုးရွားခဲ့ကာ ဘရန့်ဖို့ဒ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် လာမည့်နှစ် ဘောလုံးရာသီတွင် ဥရောပပြိုင်ပွဲများ၌ ဝင်ခွင့်လွဲချော်ရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

စပါးအသင်းသည် ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲအလိုတွင် ၅၇ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၈) နေရာတွင်ရပ်တည်နေကြောင်း သိရသည်။

STA

# Italian Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ရိုင်ဘာကီနာ ဆွတ်ခူး



**ရောမ မေ ၂၁**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပနေသည့် Italian Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ယူကရိန်းတင်းနစ်မယ် ကာလီနီနာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၆-၄၊ ၁-၀)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Metro သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကာလီနီနာသည် ပထမဦးဆုံးသော ဆုဖလားရရှိရေးအတွက် အကောင်းဆုံးကြိုးစားကစားခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဒဏ်ရာပြဿနာကြောင့် ပွဲပြီးဆုံးထိကစားနိုင်ခဲ့ခြင်းမရှိဘဲ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာသည် ယခုနှစ်တင်းနစ်ရာသီအတွင်း ဒုတိယမြောက်ဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ငါးလုံးမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

WTA 1000 ပြိုင်ပွဲပုံစံကို ၂၀၀၉ ခုနှစ်တွင် စတင်ပြောင်းလဲကျင်းပခဲ့ပြီးနောက်ပိုင်း မြေစေးကွင်းနှင့် အခြားသောကွင်းအမျိုးအစားများတွင် ဂရန်းစလန်းချန်ပီယံဆုဖလားနှင့် မာစတာဆုဖလားတို့ကိုဆွတ်ခူးနိုင်ခဲ့သည့် ဆဋ္ဌမမြောက်အမျိုးသမီးတင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ရိုင်ဘာကီနာက "ကျွန်မယှဉ်ပြိုင်ခဲ့တဲ့ပြိုင်ပွဲတွေကိုပြန်ကြည့်မယ်ဆိုရင် မြေစေးကွင်းမှာဖြစ်စေ အခြားကွင်းအမျိုးအစားမှာဖြစ်စေ အောင်မြင်မှုတွေ ဆွတ်ခူးခဲ့ဖူးတယ်။ ဒီမှတ်တမ်းဟာ တင်းနစ်ကစားသမားတစ်ယောက်အတွက် ဂုဏ်ယူစရာမှတ်တမ်းတစ်ခုလို့ ကျွန်မထင်တယ်။ မြေစေးကွင်းနဲ့ တခြားကွင်းတွေမှာ ကစားရတာဟာ ကစားပုံခြင်းမတူသလို အားစိုက်ရတာချင်းလဲမတူဘူး။ မြေစေးကွင်းမှာ ယှဉ်ပြိုင်ရတဲ့အခါမှာ ကြံ့ခိုင်မှုက အကောင်းဆုံးပုံစံမှာ ရှိနေဖို့လိုတယ်။ ပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်မှုတွေကိုလဲ ပိုပြီးတော့ အချိန်ပေးရတယ်။ ဒါပေမဲ့လဲ အခုလို အောင်မြင်မှုဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ စွမ်းဆောင်ရည်ပိုင်း အပေါ်မှာလဲ အားရကျေနပ်မှုရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# လာမည့်အပြောင်းအရွှေ့တွင် ဝုဗ်အသင်းမှ ထွက်ခွာနိုင်သည်ဟု ရှုဘင်နီဗက် ပြောကြား

**လန်ဒန် မေ ၂၁**

ယခုနှစ်ဘောလုံးရာသီ ဝုဗ်အသင်းကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သည့် ရှုဘင်နီဗက်က ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားလိုသည့်အတွက် လာမည့်နွေရာသီအပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ ရှုဘင်နီဗက်သည် ဝုဗ်အသင်းနှင့်အတူဘောလုံးရာသီ ခြောက်ရာသီဖြတ်သန်းခဲ့ရာတွင် ပြိုင်ပွဲစုံ ၂၅၂ ပွဲ၌ သွင်းဂိုး ၃၀ ထိသွင်းယူနိုင်ခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းအတွက် သွင်းဂိုးခြောက်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ကာ အသင်း၏ ကွင်းလယ်ပိုင်းကို အဓိကပံ့ပိုးနေသည့် ကစားသမားဖြစ်သောကြောင့် ဘာစီလိုနာအသင်းနှင့် လီဗာပူးအသင်းတို့ကခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းက နီဗက်ကိုခေါ်ယူရန် တရားဝင်ဆွေးနွေးမှုများပြုလုပ်နေသကဲ့သို့ ၎င်းကိုယ်တိုင်ကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားလိုသောကြောင့် အဲဗာတန်အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်အပြီးတွင် လာမည့်အပြောင်းအရွှေ့ကာလ၌ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ရှုဘင်နီဗက်က "ဒီရာသီဟာ အသင်းနဲ့ကစားတာ နောက်ဆုံးဖြစ်မှာပါ။ ကျွန်တော့်အနေနဲ့ အသင်းမှာ ဆက်ကစားချင်ပါတယ်။ ဒါပေမဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားလိုတဲ့ဆန္ဒက ဘယ်လိုမှမပျောက်လို့မရပါဘူး။ ဒါကြောင့် လာမဲ့ရာသီမှာ ချန်ပီယံလိဂ်ကစားရမဲ့ အသင်းတစ်သင်းကို ပြောင်းရွှေ့ကစားဖြစ်မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# PGA Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ဘရောခ်ကိုပ်ကာ ဦးဆောင်

**နယူးယောက် မေ ၂၁**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပနေသည့် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရောခ်ကိုပ်ကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကနေဒါဂေါက်သီးရိုက်ကစားသမားကွန်နာနှင့် နော်ဝေဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဒီချန်ဘိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ယခုနှစ် PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲသည် တတိယနေ့ အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နိုင်သည့် ပြိုင်ပွဲဝင်အပြောင်းအလဲဆက်တိုက်ဖြစ်ပေါ်ခဲ့သလို သတ်မှတ်ရိုက်ချက်ထက်လျော့ရိုက်ချက်မှာလည်း သိသိသာသာ နည်းပါးလျက်ရှိသည်။

ဘရောခ်ကိုပ်ကာက "ခက်ခဲတဲ့ပြိုင်ပွဲမျိုးမှာ အမှတ်ပေးဇယားထိပ်မှာ ရပ်တည်ထားနိုင်တဲ့အခြေအနေဟာ ဝမ်းသာဂုဏ်ယူစရာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ Masters ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကြုံတွေ့ခဲ့တဲ့အခက်အခဲတွေကနေ သင်ခန်းစာယူပြီး ဒီပြိုင်ပွဲမှာတော့ အကောင်းဆုံးစွမ်းဆောင်ထားနိုင်ပါတယ်။ ပြိုင်ပွဲဝင်ပြီဆိုတာနဲ့ တစ်ကျင်းချင်း တစ်ရက်ချင်းစီလိုက် သေချာအာရုံစိုက်သွားဖို့ပဲလိုတယ်။ သေချာအာရုံစိုက်ကစားပြီး ရလာတဲ့ရလဒ်ကို လက်ခံနိုင်ရမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ပြင်သစ်လီဂူး ပွဲစဉ် (၃၆) ရလဒ်

| | | | | |
|---|---|---|---|---|
| အေဂျက်စီယို | ၀ | - | ၅ | ရင်းနက် |
| ဘရက် | ၂ | - | ၁ | ကလဲယားမောင့် |
| နိုက် | ၀ | - | ၀ | တူးလော့ |
| ရိမ်း | ၂ | - | ၂ | အန်ဂါ |
| ထရွိုင်းယက် | ၁ | - | ၁ | စထရာဘော့ |
| လိုရီယန့် | ၁ | - | ၃ | လန်း |

(၀၄၀)

# အာဖဂန်နစ္စတန်တွင် အပြန်အလှန်တိုက်ခိုက်နေသော တာလီဘန်နှင့် ISIS

ဝင်းဇင်(သုတေသန)



တာလီဘန်အဖွဲ့သည် အာဖဂန်နစ္စတန်တွင် လှုပ်ရှားလျက်ရှိသော အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ (ISIS) ၏ ခေါင်းဆောင်ကို သတ်ဖြတ်ခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက မေ ၂၅ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။ ထိုသို့ အသတ်ခံရသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခြင်း မရှိသော်လည်း ၂၀၂၁ ခုနှစ် ကဘူးလေဆိပ်တိုက်ခိုက်မှုတွင် နောက်ကွယ်မှကြိုးကိုင်သူဖြစ်သည်ဟု ယုံကြည်ရပြီး အဆိုပါတိုက်ခိုက်မှုတွင် အာဖဂန်ပြည်သူ ဦးရေ ၁၇၀နှင့် အမေရိကန်စစ်ဘက် တပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးခဲ့သည်။

၎င်းသေဆုံးမှုသည် ၂၀၂၃ ခုနှစ်အတွင်း အာဖဂန်နစ္စတန်တွင် တာလီဘန်နှင့် ISIS တို့ကြား နောက်ဆုံး အပြန်အလှန် အကြမ်းဖက်တိုက်ခိုက်မှုပင်ဖြစ်သည်။ မတ်လအတွင်းက ISIS လက်ချက်ကြောင့် တာလီဘန် အရာရှိများ သေဆုံးခဲ့ရသလို ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်းကလည်း တာလီဘန်လက်ချက်ကြောင့် ISIS ခေါင်းဆောင်များ သေဆုံးခဲ့သည်။

အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်တို့တွင် နိုင်ငံရေးလှုပ်ရှားမှုဆောင်ရွက်နေသော တာလီဘန်အဖွဲ့သည် ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း အာဖဂန်နစ္စတန်ကို အုပ်ချုပ်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် အာဖဂန် နစ္စတန်မှအမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းသွားပြီးနောက် အာဖဂန်နစ္စတန်အစိုးရအဖွဲ့ ပြိုကွဲသွားခြင်းသည် တာလီဘန်အဖွဲ့ကို တိုင်းပြည်ပြန်လည်အုပ်ချုပ်ရန် ခွင့်ပြုပေးခဲ့ရသည်။ သို့သော် ၂၀၁၄ ခုနှစ်ကတည်းက အာဖဂန်နစ္စတန်သို့ ရောက်ရှိနေသည့် ISIS အဖွဲ့ကြောင့် တာလီဘန်အဖွဲ့သည် တိုင်းပြည်ကို အပြည့်အဝထိန်းချုပ်နိုင်စွမ်း မရှိပေ။

မူလက တာလီဘန်များသည် ISIS ကို နယ်မြေများ ချဲ့ထွင်သိမ်းပိုက်ရန်နှင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဆီးရီးယားနှင့်အီရတ်ရှိ အမေရိကန်နှင့် အခြားသော အနောက်တိုင်းတပ်ဖွဲ့များကို စိန်ခေါ်ရန် ထောက်ပံ့ကူညီပေးခဲ့သည်။ ၎င်းတို့နှစ်ဖွဲ့၏ဘုံရန်သူသည် သဘောထားတင်းမာသော ဆွန်နီအစ္စလာမ်များဖြစ်သည်။ သို့သော် ISIS အဖွဲ့အနေဖြင့် အာဖဂန်မြေပေါ်တွင် ကိုယ်ပိုင်နယ်မြေထူထောင်ရန် ကြိုးပမ်းလာခဲ့ပြီးနောက် တာလီဘန်တို့၏ ဒေါသူပုန်သည် အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့သည်။

ထိုစဉ်က တာလီဘန်အဖွဲ့သည် နယ်မြေတည်ဆောက်နိုင်ခြင်းမရှိသဖြင့် အမေရိကန်အစိုးရနှင့် စားပွဲဝိုင်းဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရသည်။ တာလီဘန်အဖွဲ့သည် အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် Salafist အစ္စလာမ်များကိုဖိနှိပ်ပြီး Hanafi အစ္စလာမ်များကို မျက်နှာသာပေးခဲ့သဖြင့် ISIS အဖွဲ့နှင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။

ပါကစ္စတန်နှင့် အာဖဂန်တာလီဘန်ခေါင်းဆောင်များကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေခြင်းသည် ISIS အဖွဲ့ဝင်များ ပိုမိုမြင့်တက်လာစေခဲ့သည်။ တာလီဘန်မှ အဆင့်မြင့်အဖွဲ့ဝင်များသည် ၂၀၁၄ ခုနှစ်တွင် ISISအဖွဲ့၌ သစ္စာခံခဲ့သည့်အပြင် စစ်သွေးကြွအုပ်စုငယ်လေးများကလည်း ၎င်းတို့ကိုထောက်ခံခဲ့ကြသည်။ ISIS ၏စွမ်းဆောင်ရည်သည် ပြိုင်ဘက်အဖွဲ့မှ စိတ်ဓာတ်ယိမ်းယိုင်နေသူများကို ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်းပင်ဖြစ်သည်။

မူဝါဒများ၊ နည်းဗျူဟာများနှင့် ခေါင်းဆောင်မှုအပိုင်းအပေါ် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခြင်းသည် အယ်ကေဒါအဖွဲ့ကို ၂၀၁၄ ခုနှစ်တွင် ISIS နှင့် အချင်းပွားမှုဖြစ်ပေါ်ခဲ့ပြီး ထိုအချိန်မှစ၍ ၎င်းတို့နှစ်ဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ ဂျိဟတ်လှုပ်ရှားမှုအပေါ် လွှမ်းမိုးချုပ်ကိုင်ရန် ပြိုင်ဆိုင်လာခဲ့ကြသည်။ အယ်ကေဒါနှင့်တာလီဘန်တို့၏ နီးကပ်သောဆက်ဆံရေးကြောင့် ISIS အဖွဲ့သည် အာဖဂန်နစ္စတန်တွင် ၎င်းတို့ကိုစိန်ခေါ်ရန် အခိုင်အမာဆုံးဖြတ်ချက်ချမှတ်လာစေခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ISIS သည် Khorasan ပြည်နယ်ထူထောင်မည့် ၎င်း၏မျှော်မှန်းချက်ကို ကြေညာခဲ့ပြီး ၎င်းပြည်နယ်တွင် အလယ်အာရှနှင့် တောင်အာရှဒေသမှ နေရာအတော်များများ ပါဝင်မည်ဖြစ်သည်။ အဆိုပါပြည်နယ်ထူထောင်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ မွတ်ဆလင်ပိုင်နက်ထူထောင်သွားမည့် ISIS အဖွဲ့၏ ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ ISIS အဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် အလျင်အမြန် အင်အားကြီးထွားလာသည်။

၂၀၁၅ ခုနှစ်တွင် တာလီဘန်နှင့် Khorasan ရှိ အစ္စလာမ္မစ်နိုင်ငံတော် (ISIS-K)တို့ကြား တိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည်။ ထိုစဉ်က တာလီဘန်ခေါင်းဆောင် မူလာအက်ခါတာမိုဟာမက်မန်ဆောသည် အဘူဘာကာအယ်လ်ဘာဒါဒီထံသို့ စာတစ်စောင်ရေးသားပြီး အာဖဂန်နစ္စတန်တွင် လူသစ်စုဆောင်းမှုရပ်တန့်သွားရန် တိုက်တွန်းခဲ့သည့်အပြင် အမေရိကန်ကို ဆန့်ကျင်တိုက်ခိုက်သည့်စစ်ပွဲကို တာလီဘန်ကဦးဆောင်သွားမည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။ သို့သော် ISIS ခေါင်းဆောင်များကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့ခြင်းမရှိပေ။ အာဖဂန်နစ္စတန်တပ်မတော်အနေဖြင့်လည်း တာလီဘန်ကို အာရုံစိုက်နေသောကြောင့် အစောပိုင်းကာလတွင် ISIS အဖွဲ့ကိုတိုက်ခိုက်ခဲ့ခြင်း မရှိပေ။

မည်သို့ပင်ဆိုစေ ISIS အဖွဲ့သည် အာဖဂန်နစ္စတန်၏ တည်ငြိမ်အေးချမ်းမှုကို ကြီးမားသော ခြိမ်းခြောက်မှုဖြစ်လာသောကြောင့် အာဖဂန်နစ္စတန်နှင့် အမေရိကန်ဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့များသည် ၎င်းတို့အပေါ် ပိုမိုအာရုံစိုက်လာခဲ့ရသည်။ လူနည်းစုဘာသာရေးအုပ်စုများကို ISIS ၏ ပစ်မှတ်ထားတိုက်ခိုက်လာမှုသည် အာဖဂန်ပြည်သူများကြား ပဋိပက္ခများ ပိုမိုကြီးထွားလာစေခဲ့သည်။

ISIS အဖွဲ့အနေဖြင့် အစောပိုင်းတွင် နယ်မြေချဲ့ထွင်နိုင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ၎င်းတို့နယ်မြေများနှင့်တပ်ဖွဲ့ဝင်များ ဆုံးရှုံးခဲ့ရသည်။ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တပ်ဖွဲ့ဝင်များစွာနှင့် ခေါင်းဆောင်များသည် လက်နက်ချခဲ့သည်။

ထိုအချိန်တွင် တာလီဘန်အဖွဲ့သည် အာဖဂန်နစ္စတန်တွင် လွှမ်းမိုးနိုင်မှု မြင့်တက်လာခဲ့ပြီး အာဖဂန်နစ္စတန်နှင့် အမေရိကန်အစိုးရတို့ကို စစ်ပွဲအဆုံးသတ်ရေးအတွက် ဆွေးနွေးပွဲများလုပ်ဆောင်ရန် သိမ်းသွင်းဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ချုပ်ဆိုခဲ့သော Doha Agreement သဘောတူညီချက်သည် ပြည်ပတပ်ဖွဲ့များ ပြန်လည်ရုတ်သိမ်းရေးအတွက် အချိန်ကာလ သတ်မှတ်နိုင်ခဲ့ပြီး အကျဉ်းထောင်များရှိ အာဖဂန်နစ္စတန်ပြည်သူများနှင့် တာလီဘန်စစ်သားများကို လွှတ်ပေးနိုင်ခဲ့သည့်အပြင် တာလီဘန်အဖွဲ့က အာဖဂန်နစ္စတန်တွင် လှုပ်ရှားနေသော အကြမ်းဖက်အုပ်စုများကို တားဆီးသွားမည်ဟု ကတိပြုခဲ့သည်။ ISIS အဖွဲ့သည် အဆိုပါသဘောတူညီချက်ကို ရှုတ်ချခဲ့သည့်အပြင် တာလီဘန်အဖွဲ့ကိုလည်း ဂျိဟတ်လှုပ်ရှားမှုနှင့်သွေဖည်ကာ အမေရိကန်အလိုကျလိုက်ပါလုပ်ဆောင်လျက်ရှိသည်ဟု စွပ်စွဲပြောဆိုခဲ့သည်။

အာဖဂန်နစ္စတန်တွင် အမေရိကန်ထွက်ခွာပြီးနောက် ISIS အဖွဲ့သည် အကျဉ်းထောင်များမှ လွတ်မြောက်လာသူများဖြင့် အင်အားပိုမိုကြီးထွားလာခဲ့သည်။ သို့သော် ၂၀၂၃ ခုနှစ်တွင် ISIS အဖွဲ့ဝင်ဦးရေ ၄၀၀၀ ခန့်ရှိချိန်တွင် တာလီဘန်တပ်ဖွဲ့သည် အင်အား ၈၀၀၀၀ ထိရှိလာခဲ့သည်။ ISIS အဖွဲ့သည် တာလီဘန်အဖွဲ့က အမေရိကန်တို့ကို ဆင်နွှဲခဲ့သည့် ပြောက်ကျားစစ်နည်းဗျူဟာအတိုင်း လက်ရှိအချိန်တွင် အာဖဂန်နစ္စတန်၌ ပြောက်ကျားတိုက်ပွဲဆင်နွှဲလျက်ရှိသည်။ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ISIS အဖွဲ့သည် အာဖဂန်နစ္စတန်တွင် ပြည်သူများကို ပိုမိုသတ်ဖြတ်လာခဲ့ပြီး တာလီဘန်နှင့် ISIS အဖွဲ့ကြား တိုက်ပွဲများပိုမိုဖြစ်ပွားလာခဲ့သည်။

ISIS အဖွဲ့တွင် အဖွဲ့ဝင်အရေအတွက်မြင့်တက်လာသဖြင့် တာလီဘန်အဖွဲ့သည် အာဖဂန်နစ္စတန်တွင် တရားဝင်အစိုးရအဖြစ် ရပ်တည်နိုင်မှုအပေါ် ISIS အဖွဲ့က ခြိမ်းခြောက်လာမှုအပေါ် စိုးရိမ်ပူပန်လာခဲ့သည်။ တာလီဘန်ခေါင်းဆောင်ပိုင်းသည် သဘောထားကွဲလွဲမှုများရှိနေသည့်အပြင် နိုင်ငံတကာ အသိအမှတ်ပြုမှုလည်း မရရှိသေးပေ။ ထို့ပြင် တာလီဘန်အဖွဲ့သည် လက်ရှိအချိန်တွင် ခေတ်မီလက်နက်နှင့် လေကြောင်းပစ်ကူမပါဘဲ ISIS-K ကို တိုက်ခိုက်ရလျက်ရှိသည်။ ဆီးရီးယားနှင့်အီရတ်တွင် တိုက်ခိုက်ခံနေရသော ISIS အဖွဲ့သည် အာဖဂန်နစ္စတန်တွင် နယ်မြေချဲ့ထွင်လျက်ရှိပြီး တိုင်းပြည်အတွင်း မတည်မငြိမ်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

လက်ရှိအချိန်တွင် တာလီဘန်အဖွဲ့သည် အိန္ဒိယ၊ တရုတ်နှင့် ရုရှားတို့ထံမှ ထောက်ခံမှုရရှိရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ နိုင်ငံများသည် အာဖဂန်နစ္စတန်တွင် တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် နည်းလမ်းရှာဖွေလျက်ရှိပြီး ၎င်းတို့အနေဖြင့် အမေရိကန်ဒေါ်လာ ၃ ထရီလီယံတန်ဖိုးရှိသော အာဖဂန်နစ္စတန်၏ တွင်းထွက်များကို အမြတ်ထုတ်အသုံးချသွားမည့် အလားအလာရှိနေသည်။

အာဖဂန်နစ္စတန်ရှိ တရုတ်နှင့် ရုရှားနိုင်ငံသားများအပြင် အခြေခံအဆောက်အအုံများကို ISIS အဖွဲ့က ပစ်မှတ်ထားဆောင်ရွက်လျက်ရှိသည်။ တာလီဘန်အဖွဲ့အနေ ဖြင့် အိမ်နီးချင်းနိုင်ငံကို တိုက်ခိုက်ရေးအတွက် ၎င်းတို့၏ အချုပ်အခြာနယ်မြေကို အသုံးပြုခွင့်ပေးသွားမည် မဟုတ်ကြောင်း ပြောဆိုလျက်ရှိသော်လည်း ISIS အဖွဲ့သည် ဥဇဘက်ကစ္စတန်နှင့် တာဂျစ်ကစ္စတန် နိုင်ငံတို့ကို အကြမ်းဖက်တိုက်ခိုက်ပြီးဖြစ်သည်။

အယ်ကေဒါအဖွဲ့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသော တာလီဘန်အဖွဲ့သည် တိုင်းပြည်အတွင်း၌ အမျိုးသမီးများ၏ လွတ်လပ်ခွင့်အပေါ် ဖိနှိပ်မှုများ ပိုမိုလုပ်ဆောင်လာခဲ့သည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့၏ အစွန်းရောက်သောမူဝါဒများကြောင့် ISIS အဖွဲ့သို့ ဘက်ပြောင်းမှုများပိုမိုဖြစ်ပေါ်လာခဲ့သည်။ တာလီဘန်ကို ဆယ်စုနှစ် နှစ်ခုကျော်ကြာ တိုက်ခိုက်ခဲ့သည့် အနောက်အုပ်စုသည် တာလီဘန်အဖွဲ့ကို ပြန်လည်ချဉ်းကပ်ရန်ခက်ခဲလျက်ရှိသည်။ သို့သော် ISIS အဖွဲ့ချေမှုန်းရေးအတွက် တာလီဘန်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မာခ့်မစ်လီက ၂၀၂၁ ခုနှစ်အတွင်း ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေ ISIS အဖွဲ့သည် တာလီဘန်စစ်ဘက်၏ သဘောထားကွဲလွဲမှုများကို အသုံးချလျက် အင်အားချည့်နဲ့အောင် ဆောင်ရွက်လျက်ရှိသည့်အပြင် အာဖဂန်နစ္စတန်တွင် အေးချမ်းမှုနှင့်တည်ငြိမ်မှုရရှိအောင် ပြန်လည်တည်ဆောက်သွားမည်ဟု ပြောဆိုလျက်ရှိသည်။ အာဖဂန်နစ္စတန်သည် ၁၉၇၀ ပြည့်လွန်နှစ်များကတည်းကပင် မတည်မငြိမ်ဖြစ်လျက်ရှိပြီး အာဏာယှဉ်ပြိုင်မှုများနှင့် ဝါဒရေးရာပြိုင်ဆိုင်မှုများကြောင့် ဒေသတွင်း၌ စိုးရိမ်ပူပန်စရာနေရာအဖြစ် ရပ်တည်လျက်ရှိသည်။ ပြည်ပရင်းနှီးမြှုပ်နှံသူများက ISIS အဖွဲ့ကို ကြီးမားသောခြိမ်းခြောက်မှုအဖြစ် ရှုမြင်နေသည့်တိုင်အောင် တာလီဘန်အဖွဲ့အနေဖြင့် အထီးကျန်ဆန်မှုမှလွတ်မြောက်ရန်နှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးကို ဆောင်ကြဉ်းပေးနိုင်ဦးမည် မဟုတ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

> ❖ ၂၀၁၅ ခုနှစ်တွင် တာလီဘန်နှင့် Khorasan ရှိ အစ္စလာမ္မစ်နိုင်ငံတော် (ISIS-K) တို့ကြား တိုက်ခိုက်မှုများမြင့်တက်လာခဲ့သည်။ ထိုစဉ်က တာလီဘန်ခေါင်းဆောင် မူလာအက်ခါတာမိုဟာမက်မန်ဆောသည် အဘူဘာကာအယ်လ်ဘာဒါဒီထံသို့ စာတစ်စောင်ရေးသားပြီး အာဖဂန်နစ္စတန်တွင် လူသစ်စုဆောင်းမှုရပ်တန့်သွားရန် တိုက်တွန်းခဲ့သည့်အပြင် အမေရိကန်ကို ဆန့်ကျင်တိုက်ခိုက်သည့် စစ်ပွဲကို တာလီဘန်က ဦးဆောင်သွားမည်ဖြစ်ကြောင်း အခိုင်အမာ ပြောဆိုခဲ့သည်။ ❖

**ကိုးကား**

- **Taliban and ISIS continue to fight for Afghanistan's future by Asia Times.**

# ဗဟန်းမြို့နယ်ရှိ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များအား အဆိုတော် လေးဖြူ မိသားစုက နေ့ဆွမ်းဆက်ကပ်ပြီး အလှူငွေ လှူဒါန်း



**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော်နှင့် သံဃာတော်များအား မွေးနေ့အလှူအဖြစ် အဆိုတော် လေးဖြူမိသားစုက နေ့ဆွမ်းဆက်ကပ်ပြီး အလှူငွေများ လှူဒါန်းခြင်းကို မေ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုတော် လေးဖြူမိသားစုက မွေးနေ့အလှူအဖြစ် ပါဠိတက္ကသိုလ် ညောင်တုန်းဆရာတော်၊ ဓမ္မဂုဏ်ရည်ဆရာတော်(ရွှေပြည်သာ) အပါအဝင် သံဃာတော်ခြောက်ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး နဝကမ္မအလှူငွေကျပ် ၁၁၀၀၀၀ စီ စုစုပေါင်းငွေကျပ် ၆၆၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာ မွေးနေ့အလှူအနေနဲ့ နိုင်ငံတော်သံဃမဟာနာယက ဝါးရုံတောဆရာတော်၊ တိပိဋက ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းဆရာတော် (လှုရတနာ)၊ ဓမ္မဂုဏ်ရည်ဆရာတော်(ရွှေပြည်သာ)တို့ အမှူးပြုတဲ့ သံဃာတော်တွေကို နေ့ဆွမ်းနဲ့ ဝတ္ထုပစ္စည်းတွေ ဆက်ကပ်လှူဒါန်းပါတယ်"ဟု အဆိုတော်လေးဖြူက ပြောပြသည်။

ထို့ပြင် အဆိုတော် လေးဖြူက သမီးဖြစ်သူ၏ မွေးနေ့အလှူအဖြစ် ဓမ္မဂုဏ်ရည်ဆရာတော် (ရွှေပြည်သာ)အား ကျောင်းဆောင်များ ပြုပြင်ရန် ငွေကျပ် ၇၀၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုတော် လေးဖြူသည် ပြီးခဲ့တဲ့နှစ်ကလဲ မွေးနေ့အထိမ်းအမှတ် ကုသိုလ်အဖြစ် ဓမ္မဂုဏ်ရည်ဆရာတော်(ရွှေပြည်သာ) ရေးသားသော တရားသည်သာ အားကိုးရာ အမည်ရှိစာအုပ်ကို ထုတ်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

# Pink Panther ဇာတ်ကားတွင် မင်းသား အက်ဒီမာဖီ ပါဝင်မည်

**နယူးယောက် မေ ၂၁**

ပြန်လည် ဆန်းသစ်ရိုက်ကူးမည့် Pink Panther ဇာတ်ကားတွင် မင်းသား အက်ဒီမာဖီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က မေ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

Pink Panther ဇာတ်ကား၌ မင်းသား အက်ဒီမာဖီသည် ကိုယ်ထင်ရာမြင်ရာလုပ်တတ်သည့် ရဲအရာရှိ ကလိုဆောအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

MGM ရုပ်ရှင်စတူဒီယိုသည် Pink Panther ဇာတ်ကားကို ကွန်ပျူတာအင်နီမေးရှင်းနည်းပညာ၊ ကွန်ပျူတာရုပ်လုံးဖော်နည်းပညာများအကူအညီဖြင့် ရိုက်ကူးရန် စီစဉ်ထားသည်။

မူလ Pink Panther ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းအောင်မြင်ခဲ့သော ဟာသမှုခင်းဇာတ်ကားဖြစ်ပြီး နောက်ပိုင်းတွင် နောက်ဆက်တွဲဇာတ်ကား ၁၁ ကားထိ ထွက်ရှိခဲ့သည်။

လက်ရှိတွင် Pink Panther ဇာတ်ကား တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို MGM ရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# သဃ်န်းကျွန်းမြို့နယ် ZEC Art Studio & Gallery တွင် ပြသထားသည့် သစ်ထွင်းပန်းပုကားချပ်များ ငွေကျပ် ၂၉ သိန်းကျော်ဖြင့် လေလံတင်ရောင်းချနိုင်ခဲ့

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ZEC Art Studio & Gallery ပြခန်းတွင် ပြသထားသည့် ပန်းပုဆရာကြီး ဦးသန်းထွန်း၏ သစ်ထွင်းပန်းပုကားချပ်များ ငွေကျပ် ၂၉ သိန်းကျော်ဖြင့် လေလံတင်ရောင်းချနိုင်ခဲ့ကြောင်း ZEC Art Studio & Gallery ပြခန်း မန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ZEC Art Studio & Gallery ပြခန်းတွင် မေ ၁၅ ရက်မှ မေ ၁၉ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ဒါးပိန် ပန်းပုကျေးရွာမှ ပန်းပုဆရာကြီး ဦးသန်းထွန်း၏ ပန်းပုလက်ရာများဖြစ်သည့် အလျား ၅၃ လက်မ၊ အနံ ၂၁ လက်မ၊ ဒုနှစ်လက်မ အရွယ်အစား သစ်ထွင်းပန်းပုကားချပ်များကို တစ်ချပ်လျှင် ကြမ်းခင်းဈေးငွေကျပ် သိန်း ၂၀ ဖြင့် လေလံတင်ရောင်းချ ခဲ့ရာ မေ ၁၉ ရက် ည ၈ နာရီမှ မေ၂၀ ရက် နံနက် ၈ နာရီတွင် သစ်ထွင်းပန်းပုကားချပ်ငါးချပ်ကို တစ်ချပ်လျှင် ငွေကျပ် ၂၉ သိန်းကျော်ဖြင့် လေလံတင်ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့ ပန်းချီပြခန်းကနေပြီးတော့ ပန်းပုကားချပ်တွေ လေလံတင်တာ လေလံဆွဲယူသူ ပန်းချီစုဆောင်းသူတွေ ရှိလာတဲ့အတွက် ကျွန်တော်တို့ပြခန်းအနေနဲ့ တတိယမြောက် လေလံတင်ရောင်းချတဲ့အနေနဲ့ ရန်ကုန်ကပန်းပုဆရာကြီး ဦးသန်းထွန်း ထုလုပ်ထားတဲ့ ပန်းပုကားချပ်တွေကို ငွေကျပ် သိန်း ၂၀ နဲ့ လေလံတင်ရောင်းချခဲ့ရာမှာ မေ ၁၉ ရက် ည ၈ နာရီကတည်းက ဈေးပြိုင်ပေးကြရာ မေ ၂၀ မနက် ၈ နာရီမှာတော့ ဈေးအများဆုံးပေးနိုင်တဲ့ မန္တလေးက ဦးအောင်သူမြိုင်နဲ့ မော်လမြိုင်က ဦးသက်မိုးအောင်က ငွေကျပ် ၂၉ သိန်းကျော်နဲ့ လေလံအောင်မြင်သွားကြပါတယ်"ဟု ဦးအောင်အောင်ဇော်က ပြောပြသည်။

အဆိုပါ ပန်းပုကားချပ် ဝယ်ယူစုဆောင်းသူများ ဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီးမှ ဦးအောင်သူမြိုင်က ငွေကျပ် ၂၉ သိန်းကျော်ဖြင့် ပန်းပုကားချပ်သုံးချပ်၊ မွန်ပြည်နယ်မှ ဦးသက်မိုးအောင်က ငွေကျပ် ၂၉ သိန်းကျော်ဖြင့် ပန်းပုကားချပ် နှစ်ချပ်တို့ကို ဝယ်ယူသွားကြခြင်းဖြစ်ကြောင်း သိရသည်။ ASH

# Tron:Ares ဇာတ်ကားကို ယခုနှစ် ဇူလိုင် ၃ ရက်တွင် ရိုက်ကူးရန် စီစဉ်ထား

**နယူးယောက် မေ ၂၁**

Tron:Ares အမည်ရှိ သိပ္ပံအက်ရှင်ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် ဇူလိုင် ၃ ရက်တွင်စတင်ရန် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မေ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်ဟု သိရသည်။

Tron:Ares ဇာတ်ကားသည် ၁၉၈၂ ခုနှစ်တွင် စတင်ရိုက်ကူးထုတ်လုပ်ခဲ့သော Tron ဇာတ်ကားများအနက် သတ္တမမြောက် ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်ရာ ၎င်းဇာတ်ကားမှာ Tron:Legacy(2010) ၏ နောက်ဆက်တွဲဇာတ်ကား ဟုတ်၊မဟုတ် မသိရသေးကြောင်း၊ Tron:Ares ဇာတ်ကားကို ဒါရိုက်တာ ယိုချင်းရွန်းနင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Tron:Ares ဇာတ်ကားတွင် ကမ္ဘာကျော်မင်းသား ဂျာရက်လီတိုက အဓိကဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး လက်ရှိတွင် Tron:Ares ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ရုံတင်ပြသရန် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO



# John Wick ဇာတ်ကားများ၏ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့

**နယူးယောက် မေ ၂၁**

John Wick: Chapter-4 ဇာတ်ကားဝင်ငွေကြောင့် Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ John Wick ဇာတ်ကားများ စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

John Wick: Chapter-4 ဇာတ်ကား၏ လက်ရှိကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၂၅ ဒသမ ၃ သန်းထိရှိပြီး သို့ဖြစ်ရာ အထက်ပါဇာတ်ကား၏ဝင်ငွေအရ John Wick ဇာတ်ကားအားလုံး၏ စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့ပြီဖြစ်ကြောင်း Lionsgate ရုပ်ရှင်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် စတုတ္ထမြောက် John Wick ဇာတ်ကားဖြစ်သော John Wick: Chapter-4 ကို ယခုနှစ် မတ် ၂၄ ရက်က ရုံတင်ခဲ့ခြင်းဖြစ်သည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် ပထမဆုံး John Wick ဇာတ်ကားကို ၂၀၁၄ ခုနှစ်က စတင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် John Wick ဇာတ်ကားများ၏ မူကွဲဇာတ်ကားဖြစ်သော Ballerina ကိုလည်း ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ရုံတင်ရန်စီစဉ်ထားကြောင်း သိရသည်။ KKO

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects functions of Wawawin farming company and Authentic Production Co. Ltd


Senior General Min Aung Hlaing inspects production process.

**Nay Pyi Taw May 21**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, and Yangon Region Chief Minister U Soe Thein, the Yangon Command commander and officials, inspected functions of Wawawin farming company in Nyaungdon Township, Ayeyawady Region this afternoon.

First, the Senior General and party were welcomed by Ayeyawady Region Chief Minister U Tin Maung Win, Chair of the company U Shwe Kyaing and members. At the briefing hall, U Shwe Kyaing reported on the establishment of the company in Maubin and Nyaungdon townships in 1999, reclamation of wetlands with heavy machinery for farming, rice cultivation, the extension of fish farming in 2002, annual repair of fish farms, clean water supply, systematic water inflow and outflow, start of fish hatching in 2005, production of about 10,000 quality fingerlings of ngamyitchin fish species, farming of 150 million fingerlings, commissioning of solid fish feed factory in 2007, availability of fish feed including bran, dried fish power, white and yellow rice bran, and fish oil mainly from local farmers, infrastructures such as cold storages, export of chilled fish, introduction of fish-based valued-added good distribution in 2022, launching of cattle farming in 2018 and diary products distribution, natural fertilizer distribution and generation of jobs for locals.

The Senior General asked for more information and gave advice. The Senior General and party looked around fish farms, cattle farms, dairy production, fish-based goods production, cold storages where valued-added fish was produced, algae and water moss cultivation, and attended to the needs. The Senior General signed the visitor's book of the company and later, planted a commemorative tree. The SAC Joint Secretary, the Commander-in-Chief (Navy) and the Commander-in-Chief (Air) also planted commemorative trees. The Senior General and party cordially greeted the company chair and members.

On arrival at Authentic Production Co. Ltd in Mingaladon Township, Yangon Region, they were welcomed by its managing director U Aung Myo Hein and officials. At the meeting hall, U Aung Myo Hein reported on the company's brief history, production of HDPE, DWC, PVC pipes of various sizes for local distribution, distribution of water tanks, septic tanks, road blocks, hotel-used impurity filters, and joints, projects that use pipelines manufactured by the company and future programs.

In response, the Senior General asked about market information. He spoke of the need to manufacture various kinds of pipes for nation-building tasks and agriculture. He said piping system will enable the effective use of valuable water resources and reduce waste. Use of pipes and pumps in agriculture will ensure effective water utilization. He then asked for more information. The Senior General and party viewed products of the company at the exhibition hall and looked into the requirements.


Senior General Min Aung Hlaing visits Authentic Production Co, Ltd.

They then inspected the functions of the company and attended to the needs. 100


Senior General Min Aung Hlaing views making of animal feed.


Senior General Min Aung Hlaing visits a cattle farm.

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects progress in implementation of Bago River Bridge (Thanlyin Bridge-3) project and Myanmar-Korea friendship (Dala) bridge project in Yangon Region



Senior General Min Aung Hlaing visits Thanlyin Bridge No.3 construction site.



**Nay Pyi Taw May 21**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, Yangon Region Chief Minister U Soe Thein, the commander of Yangon Command and officials, this morning, inspected progress in implementation of Bago River Bridge (Thanlyin Bridge-3) project and Myanmar-Korea friendship (Dala) bridge project in Yangon Region.

First, the Senior General and party arrived at Bago River Bridge (Thanlyin Bridge-3) project site to link Thakayta and Thanlyin townships, Union Minister for Construction U Myo Thant reported to the Senior General on emergence of the project, project data, implementation of the project in phases, potential of the project, availability of bridge construction techniques and experiences, quality control measures and environmental conservation, worksite safety and environmental conservation.

After hearing the reports, the Senior General the need to systematically carry out the construction tasks to meet the standards with endurance of iron and steel materials against salty water. The Senior General called for completion for necessary sections of the projects and timely completion of the project.



Senior General Min Aung Hlaing hears report on Thanlyin Bridge No.3 construction.

The Senior General inspected progress of the project and gave necessary guidance over the reports of officials.

Upon completion, the Bago River Bridge (Thanlyin Bridge-3) project can ease traffic congestion from Thanlyin Bridge-1. Thilawa Special Economic Zone will help improve socioeconomic life of the people from Thanlyin, Kyauktan, Kayah and Thongwa regions of Yangon Region due to booming businesses of local and foreign businesspersons. It will help develop Thilawa SEZ and Thanlyin region and use the East-West economic corridor to link the road to Hpa-an and Myawady. So, it will benefit Mon and Kayin States for their development as well as improve communication with regional countries. As the bridge is under construction with the modern technologies, Myanmar engineers will have modern technologies and experiences and help turn out skilled labours. Moreover, it will create job opportunities for the locals.



Senior General Min Aung Hlaing visits Dala Bridge construction site.

On arrival at the meeting hall of Myanmar-Korea friendship (Dala) bridge project, the Senior General heard reports by Union Minister for Construction U Myo Thant on emergence of the bridge project, benefits on completion of the project, project data, implementation of the guidance of the Senior General on his inspection tour in June 2022, completion of piers of the bridge, completion of the project phases, quality control measures at the bridge, worksite safety and environmental conservation.

*See Page 14*



Senior General Min Aung Hlaing accepts a gift.

*From Page 13*

In his guidance, the Senior General noted that all construction materials must be ready for the project. Linking the bridge parts must be systematic. As the project approach road is close to residential houses, an emphasis must be placed on systematic calculation against dangers and earthquakes. The project must be done quickly on schedules. As the long time project will cause traffic congestion, efforts must be made for timely completion of the project.

The Senior General presented cash awards for engineers from both projects through officials who respectfully returned the gifts to the Senior General.

The Senior General inspected undertakings on the main bridge pylon 2 on Yangon bank and gave guidance to officials.

The project was initiated by the meeting of President U Thein Sein on his goodwill visit to Korea in 2012 to implement a Myanmar-Korea friendship bridge in Myanmar. The bridge was implemented in 2013 and construction tasks started in 2015. It will be a cable-stayed bridge. Upon completion of the bridge, people from Yangon will have easy access to Dala, Twantay, Kawhmu and Kungyangon townships and to Ayeyawady Region via Dedaye Bridge, lessening traffic congestion in Yangon to some extent. As such, the bridge will be a landmark of Yangon due to development of social, economic, education, health and transport sectors. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Authorities plan to designate short- headed catfish as national fish

**Nay Pyi Taw May 21**

The short-headed catfish will be commercialized and classified as national fish, according to reports from the Myanmar Fisheries Federation.

Short-headed catfish is a type of fish marketable in the foreign countries, and it is a fish species that has a good price in foreign markets and is in demand.

In addition, it is a type of fish that exist only in Myanmar among countries in the ASEAN region.

Therefore, after collecting the short-headed catfish hatchlings, and breeding them in brick ponds and earthen ponds at the Twantay fish farm in 2021, they achieved up to 60 percent after two years in 2023.

Short-headed catfish is a species of fish that lives only in deep water areas and only catches and eats live food.

As the water depth in the earthen ponds and brick ponds is only about three to four feet, it will be created to suit the natural environment of the fish, and will be fed and raised with nutritious food capsules.

336



Short-headed catfish seen at a market.

# Greece election: Centre-right wins but no majority, first results say

**Athens May 21**

Greece's conservative New Democracy are set to win Sunday's elections but fall just short of a majority for outright victory, initial results say.

Prime Minister Kyriakos Mitsotakis's party is heading for 41%, based on half of the vote.

He was well ahead of predecessor Alexis Tsipras's centre-left Syriza, which is set for just 20%.

Despite its big win, the centre right may opt for a second round of voting rather than forming a coalition.

An initial exit poll indicating a win for the centre right was greeted with cheers at New Democracy headquarters in Athens. As results emerged, it was clear that pre-election polls had underestimated the big margin between the two main parties.

Another of the big winners of the election appeared to be Syriza's socialist rival Pasok, which the first results gave 12% of the vote.

That would make the party a potential kingmaker in coalition talks in the coming days.

Mr Mitsotakis's centre right has governed Greece for the past four years, and can boast that the country's growth last year was close to 6%.

His pitch to the nation was that only he could be trusted to steer the Greek economy forward and consolidate recent growth. Most Greeks appear to have responded positively - and more than expected. BBC



PM Kyriakos Mitsotakis told reporters that the results would soon be clear.

# US debt ceiling: Joe Biden and Kevin McCarthy seek to break impasse

**Washington May 21**

President Joe Biden and top Republican Kevin McCarthy have spoken on the phone, in a change of tone in stalled talks on lifting the US debt ceiling.

Mr McCarthy said his call with Mr Biden, who was returning from the G7 summit in Japan, had been "productive" and the two would meet on Monday.

The two sides remain at odds over budget cuts demanded by the Republicans as a condition for raising the ceiling.

Failure to do so by June could result in the US defaulting on its debt.

That would mean the federal government could not borrow more money or pay all its bills. The Treasury Department has warned that a default could begin on 1 June.

Such an outcome would cause chaos in financial markets lead to further rises in interest rates.

As he left Japan on Sunday, Mr Biden told reporters that proposals by Republicans - who control the House of Representatives - were "simply, quite frankly, unacceptable".

He added: "It's time for Republicans to accept that there is no bipartisan deal to be made solely, solely on their partisan terms. They have to move as well."

But Mr Biden also said would be willing to cut spending to reach a deal and he would speak Mr McCarthy on his way home.

The president cancelled foreign visits that were due to follow the three-day summit in Hiroshima, in order to deal with the impasse over the federal debt.

After the call, McCarthy told reporters the discussions had been positive. "I think we can solve some of these problems if he understands what we're looking at," he said BBC

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တရုတ်က ပိုင်နက်နယ်မြေများကိုတိုက်ခိုက်လာခြင်းမှကာကွယ်ရန် စစ်ဘက်သုံးဒရုန်းများတွင် ‘ဝှက်ထားသောနည်းပညာ’များအသုံးပြုထား




တရုတ်နိုင်ငံသည် ပိုင်နက်နယ်မြေများကို ရန်သူများက တိုက်ခိုက်လာခြင်းမှ ကာကွယ်ရန် ၎င်း၏စစ်ဘက်သုံးဒရုန်းများတွင် ‘ဝှက်ထားသောနည်းပညာတစ်ရပ်’ကို ပေါင်းစပ်အသုံးပြုထားကြောင်း စစ်ဘက်နှင့်နီးစပ်သူတစ်ဦး၏ ပြောကြားချက်အပေါ် ကိုးကား၍ South China Morning Post သတင်းစာက မေ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါနည်းပညာသည် တိုက်ခိုက်ရေးနှင့်ကင်းထောက်ဒရုန်းများကို တရုတ်နိုင်ငံ နယ်နိမိတ်အတွင်း လွှမ်းခြုံသိရှိနားလည်ထားသည့် လျှပ်စစ်ပထဝီဝင်ဆိုင်ရာစနစ် (Electric Geofence) ကို ထောက်ပံ့ပေးထားကြောင်း သိရသည်။

Geofence ကို ထောက်လှမ်းတွေ့ရှိချိန်တွင် အဆိုပါနည်းပညာသည် တရုတ်နိုင်ငံအတွင်းသို့ဝင်ရောက်ခြင်းမှ ဒရုန်းများကာကွယ်နိုင်ပြီး အရေးကြီးသော စစ်ရေးနှင့် စီးပွားရေးဆိုင်ရာပိုင်ဆိုင်မှုများကို တိုက်ခိုက်ခြင်းမျိုးမှ ကာကွယ်ပေးသွားနိုင်မည်ဖြစ်သည်။

South China Morning Post သတင်းရင်းမြစ်အရ ယခုအခါ အဆိုပါစွမ်းရည်ကို လက်စွဲစာစောင်၊ စာအုပ်များတွင် တရားဝင်ညွှန်ကြားချက် ထုတ်ပြန်ကြေညာထားပြီး တရုတ်ဒရုန်းထုတ်လုပ်သူများအနေဖြင့်လည်း အဆိုပါညွှန်ကြားချက်အတိုင်း လိုက်ပါဆောင်ရွက်လျက်ရှိသည်။

“ဒါက တရုတ်ကနေ တင်ပို့ရောင်းချထားတဲ့ ဒရုန်းတွေကို ရန်လိုသူတွေက တရုတ်နိုင်ငံကို တိုက်ခိုက်ဖို့၊ လက်နက်အဖြစ် အသုံးမပြုနိုင်စေဖို့ သေချာအောင် ရည်ရွယ်ထားတဲ့ ရိုးရှင်းတဲ့ နည်းပညာတစ်ရပ် Watchdog Tool လို့ ခေါ်နိုင်ပါတယ်”ဟု South China Morning Post သတင်းရင်းမြစ်က ရေးသားထားခဲ့သည်။

စစ်ဘက်သုံးဒရုန်းများတွင် စောင့်ကြည့်စစ်ဆေးခြင်း၊ နည်းပညာများကိုထည့်သွင်းခြင်းသည် တရုတ်နိုင်ငံ ဒရုန်းတီထွင်ထုတ်လုပ်သူများအတွက် အမျိုးသားလုံခြုံရေးသည် ထိပ်တန်းဦးစားပေးဖြစ်နေဆဲဖြစ်ကြောင်း ပြသနေခြင်းဖြစ်သည်ဟု စစ်ဘက်ဆိုင်ရာကျွမ်းကျင်သူ Li Jie က ပြောကြားသည်။

ဒရုန်းအားလုံးကို အမေရိကန်ပိုင် GPS သို့မဟုတ် တရုတ်၏ Bei Dou လမ်းကြောင်းပြစနစ်ဖြင့် ချိတ်ဆက်ထားသောတည်နေရာများမှ လမ်းညွှန်လုပ်ဆောင်ရန်လိုအပ်သည်။ ထို့ကြောင့် လောင်ဂျီတွဒ်နှင့် လတ္တီကျုဒေတာများသည် အလွန်အကဲဆတ်သောအပိုင်းလည်းဖြစ်သည်။ အဆိုပါနည်းပညာတပ်ဆင်ထားသော ဒရုန်းအချို့သည် တရုတ်နယ်စပ်သို့ချဉ်းကပ်လာသောအခါတွင် မိမိကိုယ်ကိုဖျက်ဆီးပစ်လိုက်နိုင်စွမ်း ပါရှိနိုင်သည်ဟု Li က ဆိုသည်။

ဝှက်ထားသောနည်းပညာကို တရုတ်ဒရုန်းများတွင် ပေါင်းစပ်ခြင်းနှင့်ပတ်သက်သည့် အစီရင်ခံစာသည် တရုတ်နိုင်ငံသို့ အဆိုပါဒရုန်းများ ပျံသန်းချဉ်းကပ်လာသောအခါ တရုတ်ထုတ် ဒရုန်းများသည် နောက်ပြန် လှည့်သွားသည်ဟူသော အစောပိုင်း ကောလာဟလများကို အတည်ပြုခဲ့ပုံပေါ်သည်။ အာရှရှုပါ ပါဝါသည် အခြားနိုင်ငံများသို့ တင်ပို့သည့်ဒရုန်းများကို လျှို့ဝှက်ကန့်သတ်မှုများ ပြုလုပ်လျက်ရှိသည်ဟု Eur Asian Times သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် Baykar အမှုဆောင်အရာရှိချုပ် Haluk Bayraktarက စွပ်စွဲပြောကြားခဲ့ဖူးသည်။

တရုတ်ဒရုန်းများ၏ မျှော်မှန်းထားသည်ထက် စွမ်းဆောင်ရည်နိမ့်ကျမှုသည် နိုင်ငံခြားဖောက်သည်အချို့ကို Bayraktar TB2 အလယ်အလတ်အမြင့်ပျံ၊ လေထဲတွင် ကြာရှည်ပျံသန်းနိုင်သော ဒရုန်းများကဲ့သို့ တူရကီထုတ်စနစ်များဆီသို့ ပြောင်းလဲ မျက်စိကျလာစေခဲ့ကြောင်း Eur Asian Times သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် Baykar အမှု ဆောင်အရာရှိချုပ် Haluk Bayraktar က ဆက်လက်ပြောကြားခဲ့သည်။

**Chinese Drones Have ‘Hidden Tech’ to Prevent Use Against Own Territory: Source ကို ဘာသာပြန်ဆိုထားပါသည်။**

## Rheinmetall ထုတ် Skyranger ကိုအခြေခံ၍ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များ အဆင့်မြှင့်ရန် ဒိန်းမတ်စီစဉ်

ဒိန်းမတ်နိုင်ငံသည် Rheinmetall ထုတ် Skyranger ကိုအခြေခံ၍ယာဉ်တင် တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရန်စီစဉ်နေကြောင်း မေ ၁၇ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

Skyranger တွင် တာတိုနှင့် တာနီးအကွာအဝေးအတွင်း မြေပြင်အခြေစိုက်နှင့် ဝေဟင်မှလေကြောင်းခြိမ်းခြောက်မှုများကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည့် မီလီမီတာ ၃၀ စက်အမြောက်များ တပ်ဆင်ထားသည်။

လွှဲပြောင်းပေးအပ်ပြီးပါက ကြည်းတပ်တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရန် လှုပ်ရှားချိတက်စဉ်နှင့်တိုက်ပွဲအတွင်း အကာအကွယ်ပေးနိုင်ရန်အတွက် Piranha 5 သံချပ်ကာယာဉ်များပေါ်ရှိ ဆုံလည်တွင် တပ်ဆင်ပေးသွားမည်ဖြစ်သည်။

လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ရှာဖွေထောက်လှမ်းရေးရေဒါများ၊ ဆက်သွယ်ရေးစနစ်များနှင့် ထိန်းချုပ်ကွပ်ကဲမှုစနစ်များ ပါဝင်မည်ဖြစ်သည်။ ပြည်တွင်းစစ်လက်နက်၊ လေကြောင်းနှင့်အာကာသကုမ္ပဏီ Terma သည် လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် လိုအပ်မည့်စနစ်အစိတ်အပိုင်းများကို ပေါင်းစည်းတပ်ဆင်ရန် လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

ဒိန်းမတ်တပ်မတော်နှင့် NATO ၏ လေကြောင်းရန် ကာကွယ်ရေးအတွက် လက်ရှိ စစ်ဆင်ရေးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဈေးကွက်ခွဲခြမ်းစိတ်ဖြာမှုများအပေါ် အခြေခံ၍ ယာဉ်ပေါ်ရှိဆုံလည်တွင် တပ်ဆင်အသုံးပြုနိုင်မည့်စနစ်သစ်ကို ဝယ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လက်ရှိဖြစ်ပွားနေသော ယူကရိန်း ပဋိပက္ခကဲ့သို့သော စစ်ရေးအတွေ့အကြုံ၊ သုံးသပ်ချက်များမှ စစ်လက်နက် ဝယ်ယူရွေးချယ်မှုကို လွှမ်းမိုးထားခြင်းဖြစ်သည်။

ဒိန်းမတ်နိုင်ငံက အနာဂတ် လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ဒီဇိုင်းအတိအကျကို ထုတ်ပြန်ခြင်းမရှိသေးဘဲ လက်ရှိ Skyranger လက်နက်စနစ်ဖွဲ့စည်းမှုများနှင့် ကွဲပြားနိုင်ကြောင်း ဒိန်းမတ်ကာကွယ်ရေးဝယ်ယူမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့အစည်း (FMI)၏အဆိုအရ သိရသည်။

Skyranger တာတိုပစ် လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်ကိုရွေးချယ်ဝယ်ယူနိုင်ခဲ့မှုဖြင့် ဒိန်းမတ်တပ်မတော်အတွက် ခေတ်အမီဆုံး လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို ပိုင်ဆိုင်နိုင်ခဲ့သည့်အတွက် ကျေနပ်မိသည်ဟု FMI အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး Kim JesperJorgensen က ပြောကြားခဲ့သည်။



တစ်ချိန်တည်းမှာပင် ဂျာမနီအပါအဝင် အခြားနိုင်ငံများကလည်း Skyranger လက်နက်စနစ်ကို ဝယ်ယူလိုသောကြောင့် လေ့ကျင့်ရေး ခဲယမ်းမီးကျောက်များ၊ အပိုပစ္စည်းများနှင့်စနစ်၏စဉ်ဆက်မပြတ်မွမ်းမံမှုများကို အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

“နောက်တစ်ဆင့်ကတော့ စနစ်မှာထည့်သွင်းမဲ့ လေယာဉ်ပစ်ဒုံးကျည်အမျိုးအစားကို ရွေးချယ်ဖို့ရှိပါသေးတယ်” ဟု FMI အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး Kim Jesper Jorgensen က ပြောကြားခဲ့သည်။

**Denmark to Base Short-Range Air Defense System on Rheinmetall’s Skyranger ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီအတွင်း ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ ငါးအခြေခံသည့်ထုတ်ကုန်များထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီအတွင်း ငါးအခြေခံသည့်ထုတ်ကုန်များထုတ်လုပ်နေမှု၊ အအေးခန်းစက်ရုံများမှ တန်ဖိုးမြင့်ငါးထုတ်ကုန်များ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစဉ်။

☆ **ကျောဖုံးမှအဆက်**

စတင်လုပ်ကိုင်စဉ် ရေနက်ကွင်းဧရိယာများသာဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး စက်ယန္တရားကြီးများဖြင့် ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရမှု၊ စပါးစိုက်ပျိုးခြင်းများဆောင်ရွက်လျက်ရှိမှုနှင့် ၂၀၀၂ ခုနှစ်မှစတင်၍ ငါးမွေးမြူရေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ခဲ့မှုနှစ်စဉ် ငါးကန်ပြုပြင်ခြင်းနှင့် ငါးမွေးကန်များအတွင်း ရေကောင်းရေသန့်များရရှိနိုင်ရေး ရေဝင်ရေထွက်မှုများကို စနစ်တကျဆောင်ရွက်ထားရှိမှု၊ မူလစတင်ဆောင်ရွက်စဉ် ပြင်ပမှ ငါးသားပေါက်များကို ဝယ်ယူမွေးမြူခဲ့သော်လည်း ၂၀၀၅ ခုနှစ်မှစ၍ ကိုယ်ပိုင်ငါးသားဖောက်စခန်းများ တည်ထောင်ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ငါးသားဖောက်စခန်းမှ အရည်အသွေးမီ ရောဂါကင်းစင်သည့်ငါးမြစ်ချင်း၊ ငါးမှုန်ခွက် ၁၀၀၀၀ ခန့် ထုတ်လုပ်ပြီး မျိုးငါး သိန်း ၁၅၀ ခန့် ထည့်သွင်းမွေးမြူနိုင်ခဲ့ပြီးဖြစ်သည့်အခြေအနေများ၊ ၂၀၀၇ ခုနှစ်တွင် ငါးအစာတောင့်စက်ရုံစတင်လည်ပတ်နိုင်ခဲ့ပြီး ကုန်ကြမ်းများဖြစ်သည့် ဖွဲနု၊ ငါးခြောက်မှုန့်၊ ဆန်ဖွဲနု အဖြူအဝါ၊ ပုစွန်ဖွဲ၊ ငါးဆီတို့ကို ဒေသခံတောင်သူလယ်သမားများထံမှ အဓိကဝယ်ယူအသုံးပြုလျက်ရှိမှု၊ ထုတ်ကုန်များအတွက် လိုအပ်သည့် အအေးခန်းစက်ရုံများအပါအဝင် အခြေခံအဆောက်အအုံများထည့်သွင်းဆောင်ရွက်ထားရှိမှု၊အအေးခန်းစက်ရုံများမှတစ်ဆင့် ပြည်ပသို့ နှစ်စဉ် အေးခဲငါးများ တင်ပို့ရောင်းချပေးလျက်ရှိမှု၊ ငါးအကောင်လိုက် ထုတ်လုပ်ဖြန့်ဖြူးမှုမှ ၂၀၂၂ ခုနှစ်မှ စတင်၍ ငါးခြစ်၊ ငါးချဉ်၊ ငါးအသားလုံး၊ ငါးငံပြာရည်၊ ငါးကြင်းဆီ၊ ငါးမုန့်နှင့် အခြားငါးအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်များကို ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့မှု၊ ၂၀၁၈ ခုနှစ်မှ စတင်၍ နွားမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး နွားနို့နှင့် နွားနို့ကို အခြေခံသည့် ထုတ်ကုန်များကို ဈေးကွက်သို့ ဖြန့်ဖြူးပေးနိုင်ခဲ့မှု၊ သဘာဝမြေသြဇာထုတ်လုပ်ရောင်းချနိုင်မှုနှင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီအတွင်းလှည့်လည်၍ ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ နွားမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှု၊ ငါးအခြေခံသည့်ထုတ်ကုန်များထုတ်လုပ်နေမှု၊ အအေးခန်းစက်ရုံများမှ တန်ဖိုးမြင့်ငါးထုတ်ကုန်များထုတ်လုပ်နေမှု၊ ရေညှိ၊ ရေမှော်ပင်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကံ့ကော်ပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ကာကွယ်ရေးဦးစီးချုပ်(လေ)တို့ကလည်း ယူဇနပင်များကို အမှတ်တရစိုက်ပျိုးပေးကြကာ ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Authentic Production Co.,Ltd.သို့ရောက်ရှိရာ ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်မျိုးဟိန်းနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Authentic Production Co.,Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်မျိုးဟိန်းက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။**

ထို့နောက် ကုမ္ပဏီအစည်းအဝေးခန်းမတွင် ဦးအောင်မျိုးဟိန်းက ကုမ္ပဏီသမိုင်းအကျဉ်းနှင့် စက်ရုံမှ HDPE၊ DWC၊ PVC စသည့်ပိုက်မျိုးမျိုးကို ဆိုဒ်မျိုးစုံထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပသို့ ဖြန့်ဖြူးလျက်ရှိမှု၊ ရေတိုင်ကီများ၊ မိလ္လာကန်များ၊ Road Block များ၊ ဟိုတယ်သုံး အညစ်အကြေးစစ်ထုတ်သည့်ပစ္စည်း၊ ပိုက်ဆက်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု၊ ကုမ္ပဏီမှ ထုတ်လုပ်သည့် ပိုက်လိုင်းများကို စီမံကိန်းအသီးသီးတွင် အသုံးပြုလျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထုတ်ကုန်ပစ္စည်းများအပေါ် ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းပြီး **နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရေပိုက်အမျိုးမျိုးကို ထုတ်လုပ်နိုင်ရန်လို**ကြောင်း၊ **ရေပိုက်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွင်းရှိ အဖိုးတန်ရေသယံဇာတများကို အကျိုးရှိစွာအသုံးပြုနိုင်မည်ဖြစ်ပြီး လေလွင့်ဆုံးရှုံးမှုများနည်းပါးစေမည်ဖြစ်**ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေအသုံးပြုမှုကို ပိုက်စနစ်၊ ပန့်စနစ်များဖြင့် စနစ်တကျအသုံးပြုမည်ဆိုပါက ရေကို ထိထိရောက်ရောက်အသုံးချနိုင်မည်ဖြစ်**ကြောင်းဖြင့် ပြောကြားပြီး အခြားသိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် ပစ္စည်းများခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Authentic Production Co.,Ltd. မှ ထုတ်လုပ်ထားသည့် ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုစဉ်။**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Authentic Production Co.,Ltd.အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**စစ်တွေ မေ ၂၁**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့သို့ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများဖြစ်သော တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်၊ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်၊ ရွှေစေတီကျောင်းတိုက်၊ ပညာလင်္ကာရကျောင်းတိုက်နှင့် မြို့မပရိယတ္တိစာသင်တိုက်များသို့သွားရောက်ပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုသို့သွားရောက်လှူဒါန်းစဉ် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့်ဘုန်းတော်ကြီးကျောင်းများကို ပြုပြင်ရန်နှင့်ပြန်လည်ထူထောင်ရန် ဆောင်ရွက်နေမှုများကို လျှောက်ထားပြီး ကျောင်းတိုက်များအတွင်း အပျက်အစီးများကို လှည့်လည်ကြည့်ရှုကာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား၍ အမြန်ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းသို့ရောက်ရှိပြီး ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်၍ ရောက်ရှိလာသော စစ်ရေယာဉ်(ပြည်တော်အေး ၂)သို့ ရောက်ရှိကာ ပစ္စည်းများချယူသယ်ဆောင်မှုကိုကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေသူများကို တွေ့ဆုံအားပေးသည်။ ၎င်းစစ်ရေယာဉ်ဖြင့် ဆန်အိတ် ၁၂၅၀၊ သွပ်ချပ် ၈၀၀ နှင့် လက်ကိုင်လွှစက်များ အပါအဝင် ထောက်ပံ့ရေးပစ္စည်းများ ပါဝင်ပြီး ၎င်းတို့ထဲမှ ရသေ့တောင်မြို့နှင့် မောင်တောမြို့တို့သို့ ဆန်အိတ် ၂၅၄၀ အား ရေယာဉ်ရွှေ့ပြောင်း တင်ဆောင်နေခြင်းကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပုဏ္ဏားကျွန်းမြို့သို့ ဆက်လက်ထွက်ခွာပြီး မြို့မပရိယတ္တိကျောင်းတိုက်တွင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့ဖြင့် ကွင်းဆင်းဆေးကုသနေမှုကို ကြည့်ရှုသည်။

ထို့နောက်ဆေးကုသရန် ရောက်ရှိနေသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား ကျေးဇူးတင်စကားပြောကြားပြီး ဆေးကုသမှုခံယူရန် ရောက်ရှိလာသောပြည်သူများအတွက် ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်သည်။

ထို့နောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ပုဏ္ဏားကျွန်း)သို့ရောက်ရှိရာ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပြန်လည်ပြုပြင်ရန်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံးရိပ်သာ၌ စစ်တွေမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ မုန်တိုင်းဒဏ်သင့် IDP စခန်းများနှင့် နေရပ်စွန့်ခွာစခန်းများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ထိခိုက်ပျက်စီးခဲ့သည့် ဒေသများ ပြန်လည်သန့်ရှင်းသာယာလှပစေရေးအတွက် ပူးပေါင်းအဖွဲ့များစုဖွဲ့၍ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မုန်တိုင်းမဝင်ရောက်မီ ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မုန်တိုင်းအလွန် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် စားရေရိက္ခာ လုံလောက်စေရေး ဖြည့်တင်းဆောင်ရွက်နေမှု၊ ကူညီထောက်ပံ့ရေးပစ္စည်းများ အမှန်တကယ် လိုအပ်သည့်ဒေသများသို့ စနစ်တကျစိစစ်၍ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စစ်တွေမြို့ မြို့မိမြို့ဖများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ကျွမ်းကျင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် ဘေးအန္တရာယ် မဖြစ်စေရန် သတ်မှတ်ကုန်ချိန်အတိုင်း တင်ဆောင်ရေး၊ ထောက်ပံ့ရေးပစ္စည်းများ သတ်မှတ်ဒေသများသို့ အမြန်ဆုံးရောက်ရှိအောင် စနစ်တကျစီမံဆောင်ရွက်သွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထူးကုဆရာဝန်ကြီးများ စေလွှတ်သည့်ဒေသအလိုက် စောင့်ရှောက်မှုပေးနိုင်မှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရေး၊ တည်ဆောက်ရေးပစ္စည်းများကို ဦးစားပေးပြုပြင်ရမည့် အခြေအနေအလိုက် အစီအစဉ်တကျ ထောက်ပံ့သွားရေးတို့နှင့်စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ် နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## သဇင်(FM)အသံလွှင့်အစီအစဉ်

**၂၂-၅-၂၀၂၄ (တနင်္လာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၇း၂၅ | ဗေဒင်တစ်ပတ်စာ |
| ၂။ | ၀၉း၁၅ | အမှတ်တရနေ့ |
| ၃။ | ၁၀း၄၆ | Master Chef |
| ၄။ | ၁၅း၀၀ | Fighting Music |
| ၅။ | ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |

# စစ်တွေမြို့ရှိ မုန်တိုင်းသင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ





စစ်တွေမြို့ရှိ မုန်တိုင်းသင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် မေ ၂၁**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်ဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စာရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



တပ်မတော်မှ ကူညီကယ်ဆယ်ရေး အဖွဲ့များက ဒေသခံ ပြည်သူများကို သောက်သုံးရေများ ပေးဝေကြစဉ်။

**နေပြည်တော် မေ ၂၁**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အများပြည်သူသွားလာရေး အဆင်ပြေစေရန် လမ်းမများပေါ်တွင် ပိတ်ဆို့နေသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းဝင်းအတွင်း လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ဖယ်ရှားရှင်းလင်းခြင်း၊ နယ်လှည့်ဆေးကုသရေးအဖွဲ့မှလည်း ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံတပ်မတော်သားများနှင့် ပူးပေါင်း၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသည့် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းကို ပြန်လည်ပြုပြင်ပေးခြင်းနှင့် တပ်မတော်ရဟတ်ယာဉ်ဖြင့် လာရောက်ပို့ဆောင်ပေးသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို အမြန်ဆုံးဖြန့်ဝေပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ကျောက်တော်နှင့် မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည်လည်း ဒေသခံပြည်သူများအား သောက်သုံးရေများဖြန့်ဖြူးပေးခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့ရှိ ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် ရေပေးဝေခြင်းများနှင့် လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ရသေ့တောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေချိန်တွင် လေဘေးသင့်ပြည်သူများ ယာယီခိုလှုံနေထိုင်ရာ၌ အဆင်ပြေချောမွေ့စေရေး ယာယီတဲဆောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လဲကျနေသော သစ်ပင်ကြီးများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိသည်။ ကျန်ရှိသည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး ယာဉ်အုပ်စုများအနေဖြင့်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်လာပါက အမြန်ဆုံး သွားရောက်နိုင်ရေး ပြင်ဆင်စုဖွဲ့ထားလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ (၁၇)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ


နေပြည်တော် တိုင်းစစ်ဌာနချုပ်၏ (၁၇)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ ကျင်းပစဉ်။

**နေပြည်တော် မေ ၂၁**

နေပြည်တော် တိုင်းစစ်ဌာနချုပ်၏ (၁၇)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြတပ်ခွဲများက စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမတွင် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း သင်တန်းများတွင် ထူးချွန်ဆုရရှိသည့် အရာရှိ၊ စစ်သည်များ၊ အိမ်ထောင်သည် လိုင်းသန့်ရှင်းရေးဆုရရှိသည့် အိမ်ထောင်သည်ရဲမေများ၊ စွမ်းရည်သုံးရပ် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် တပ်ရင်းများနှင့် တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်ရှိ စစ်သည်၊ စစ်သမီးများက တိုင်းနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်


ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။

**နေပြည်တော် မေ ၂၁**

တပ်မတော်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ ကူညီကယ်ဆယ်ရေးဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကျောင်းသုံးကျောပိုးအိတ်နှင့် ဝတ်စုံများ၊ ဆန်များ၊ ငါးခြောက်အိတ်များ၊ ကြက်သွန်နီအိတ်များ၊ ကြက်သွန်ဖြူအိတ်၊ ငရုတ်သီးခြောက်အိတ်များ၊ ခေါက်ဆွဲခြောက်အိတ်များကို တင်ဆောင်၍ နေပြည်တော်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်ဖြင့် သုံးကြိမ်ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့တွင်လည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံအခြေစိုက် အာဆီယံသံရုံးများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများ၊ သံယာတော်အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ စောင်၊ ခြင်ထောင်များ၊ ဆေးပစ္စည်းမျိုးစုံ၊ ခေါက်ဆွဲခြောက်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ မိုးကာလိပ်များ၊ ဆန်အိတ်များ၊ စားအုန်းဆီများ၊ အာလူးအိတ်များ၊ ကြက်သွန်နီအိတ်များ၊ ငါးသေတ္တာဘူးများ၊ ငါးပိဘူးများ၊ လက်ဖက်အကြော်စုံအိတ်များ၊ သွပ်၊ အိမ်ရိုက်သံများ၊ ဆိုလာ၊ ဘက်ထရီ၊ အင်ဗာတာ၊ မိုးကာတဲပြင်ပစ္စည်းများ၊ တာပေါ်လင်စများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကိုတင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် ရှစ်ကြိမ်ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့မှ သင်တန်းသား၊ သင်တန်းသူများ ရန်ကုန်မြို့သို့ ရောက်ရှိလေ့လာ

**နေပြည်တော် မေ ၂၁**

နေပြည်တော်သို့ ရောက်ရှိနေသည့် တပ်မတော်(ရေ)မှ ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများသည် အုပ်ချုပ်သူနည်းပြများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ တာဝန်ရှိသူများ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။ အဆိုပါအဖွဲ့သည် ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်များ ဆက်လက်သွားရောက်မည်ဖြစ်သည်။

အလားတူ တပ်မတော်(လေ)မှအခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းသား၊ သင်တန်းသူများသည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်(လေ)မှ သင်တန်းသား၊ သင်တန်းသူများသည် အုပ်ချုပ်သူများ၊ နည်းပြများနှင့်အတူ လှိုင်မြို့နယ်ရှိ ချူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာရာ ချူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် သင်တန်းသား၊ သင်တန်းသူများသည် ဓာတ်ရောင်ခြည်ပေးနည်းပညာဖြင့် အစားအစာနှင့် စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်ပေးခြင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင်ဝန်ကြီးဌာန ချူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်စွမ်းအားထုတ်လုပ်ခြင်း၊ ချူကလီးယားနည်းပညာအသုံးပြု၍ သဘာဝပတ်ဝန်းကျင် ဓာတ်ရောင်ခြည် စောင့်ကြည့်တိုင်းတာခြင်း၊ အိုင်ဆိုတုပ်နည်းပညာအသုံးပြု မြေအောက်ရေအရင်းအမြစ်များ စီမံခန့်ခွဲရေးဆိုင်ရာ သုတေသနလုပ်ငန်း၊ ရှေးဟောင်းအမွေအနှစ်များကို ချူကလီးယားနည်းပညာများ အသုံးပြု၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍတွင် ချူကလီးယားနည်းစနစ်ကိုအသုံးပြု၍ ရောဂါရှာဖွေကုသခြင်း၊ ချူကလီးယားဓာတ်ရောင်ခြည်ကိုအသုံးပြု၍ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ချူကလီးယားနည်းပညာကို စက်မှုကဏ္ဍတွင်အသုံးချခြင်း စသည့် ပိုစတာများ၊ နမူနာပစ္စည်းပြခန်း၊ ဝန်ကြီးဌာနနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များကိုပြသသည့် Video Hall များကို လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။


တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့မှ သင်တန်းသား၊ သင်တန်းသူများ လှိုင်မြို့နယ်ရှိ ချူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း ကြည့်ရှုလေ့လာစဉ်။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)(ဗဟို)က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် လူပုဂ္ဂိုလ်တို့ကို ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်ခြင်းကျင်းပ



အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း ဘွဲ့တံဆိပ်ရရှိသူများကို ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မေ ၂၁**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)(ဗဟို)က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း နှင့် ပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်ပေးအပ် ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် မော်လမြိုင်မြို့ ပရိယတ္တိ ဓမ္မဗိမာန် တော်ကြီး၌ပြုလုပ်ရာ မြစေတီစာသင်တိုက် ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြု သော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့ တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)(ဗဟို) နှင့် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA) အသင်းဝင်များ၊ ဘွဲ့ တံဆိပ်ရရှိကြသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဘွဲ့ တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက လျှောက်ထားတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မ ဇောတိကဓဇ၊ မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိသည့် ဆရာတော်များနှင့် လူပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်တော်များ အသီးသီး ဆက်ကပ်ပေးအပ်ချီးမြှင့်ကြပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်း ရရှိသည်။

# တပ်မတော်ဆေးတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၁**

တပ်မတော်ဆေးတက္ကသိုလ်၏ (၁၂) ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင်အခမ်း အနားကို ယနေ့နံနက်ပိုင်းက ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အောင်မင်းဦး၊ တပ်မတော်ဆေး တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်း၊ တပ်မတော်ဆေး တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့အပ်နှင်းခံရမည့် အရာရှိကြီးများ၊ အရာရှိများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင် ခန်းမသို့ဝင်ရောက်၍ သတ်မှတ်နေရာများ တွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်း တူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ် ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူ စေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူ များကို ပါမောက္ခချုပ်ထံသို့ပို့ဆောင်ခြင်း တို့ကို အစီအစဉ်အတိုင်း ဆောင်ရွက် ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ပါရဂူ ဘွဲ့ ဦးရေ ၇၀၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၁၃၇ ဦး၊ သွားဘက်ဆိုင်ရာဆေးပညာ မဟာသိပ္ပံဘွဲ့ ခြောက်ဦး၊ ဆေးပညာသင် ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့ ၂၁ ဦး၊ စုစုပေါင်း ၂၃၄ ဦးတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ပါမောက္ခ ချုပ်က အဝေးရောက်ဘွဲ့ယူမည့် ပါရဂူဘွဲ့ ရှစ်ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ဦးရေ ၉၀၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာ ဘွဲ့ ခုနစ်ဦး စုစုပေါင်း ၁၀၅ ဦးတို့ကို ဘွဲ့ချီးမြှင့်အပ်နှင်းကာ ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင် အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်း သဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေး ထိုးသည်။



တပ်မတော် ဆေးတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဘွဲ့လွန် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပစဉ်။

ယင်းနောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီးနောက် အခမ်းအနားကိုရုပ်သိမ်းကြောင်း ကြေညာ ကာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်း အုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော် ဆေးတက္ကသိုလ်အနေဖြင့် ယနေ့အချိန်ထိ ဆေးပညာမဟာသိပ္ပံဘွဲ့ ဦးရေ ၂၅၉၀၊ ဆေးလက်တွေ့နှင့် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ၂၄၂ ဦး၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာ ၂၉၂ ဦး၊ ဆေးပညာဘွဲ့လွန်ဒီပလိုမာ ၂၆၉ ဦးတို့ကို ဘွဲ့များပေးအပ်ချီးမြှင့်ခဲ့ပြီး ဖြစ်သည်။ လက်ရှိ ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန် အမှတ်စဉ် ၂၈ တွင် သင်တန်းသား အရာရှိ ၇၅ ဦး၊ အမှတ်စဉ် ၂၉ တွင် သင်တန်းသားအရာရှိ ၂၈၅ ဦး၊ အမှတ်စဉ် ၃၀ တွင် သင်တန်းသားအရာရှိ ၁၁၆ ဦး၊ အမှတ်စဉ် ၃၁ တွင် သင်တန်းသားအရာရှိ ၁၄၃ ဦး၊ စုစုပေါင်းဘွဲ့လွန်သင်တန်းသား အရာရှိ ၆၁၉ ဦး သင်တန်းတက်ရောက် နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၁**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက် ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေ ဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့ နေ့လယ်ပိုင်းတွင်လည်း ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ တပ်နယ်ခန်းမ၌ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိ သူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူ များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိ သူများက အမှာစကားများပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုး သား သုံးဦးကို တာဝန်ရှိသူများက ဝန်ခံ ကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်း ပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်း ချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည် ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံ သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသ ကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

# မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့အတွင်း အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် Royal Phoenix Guerilla Force-RPGF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များကို ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




**နေပြည်တော် မေ ၂၁**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG နှင့် CRPHတို့၏ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရဟန်းသံဃာတော်များ၊ အစိုးရဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အများပြည်သူ သွားလာလျက်ရှိသော လမ်း၊ တံတားများ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်မှုလုပ်ရပ်များကိုမလိုလားသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့တိုင်ကြားချက်များအရ ၂၀၂၃ ခုနှစ် ဧပြီ ၆ ရက် နေ့လယ်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ကံသာယာရပ်ကွက်ရှိ "တော်ဝင်ဦး" တည်းခိုခန်း အခန်းအမှတ်(၂၀၅)၌ Royal Phoenix Guerilla Force -RPGF အမည်ခံအကြမ်းဖက်အဖွဲ့မှ ဒုတိယခေါင်းဆောင် **ချမ်းမြေ့ဦး(ခ)ဘရိုတ်ကီ(ခ)ကောက်ကြီး** ကိုဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ချမ်းမြေ့ဦး (ခ) ဘရိုတ်ကီ (ခ) ကောက်ကြီး**၏ထွက်ဆိုချက်အရ မေ ၁၈ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် ၄၆ လမ်းနှင့် ၁၀၇(အေ)လမ်းကြား၌ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **စောဘငြိမ်း (ခ)ပြည့်ငြိမ်းချမ်း (ခ)ကိုစော (ခ)ကိုပြည့်**ကိုလည်းကောင်း၊ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ဇော်ထက်**နှင့် **ဟိန်းထက်**တို့ကို အမရပူရမြို့နယ် ရေဝတီတံတား(ရတနာပုံ)စစ်ဆေးရေးဂိတ်တွင်လည်းကောင်း၊ **ဇော်ရဲထက်(ခ) သားသား**၊ **အောင်ထွန်းမင်း (ခ)အော်တို**၊ **မင်းမင်းဦး(ခ)သက်ဦးမောင်**တို့ကို အမရပူရမြို့နယ် မှန်တန်းရပ်ကွက်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **စောဘငြိမ်း(ခ) ပြည့်ငြိမ်းချမ်း (ခ) ကိုစော (ခ) ကိုပြည့်**၏ ထွက်ဆိုချက်အရ ယင်းနေ့နေ့လယ်ပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက် ၇၃(အေ)လမ်း၊ ၁၂၀ လမ်းနှင့် ၁၂၁ လမ်းကြား၌ တရားခံ **ဝင်းမာ** ကို ကြိုးဆွဲလက်ပစ်ဗုံး ငါးလုံးဖြင့်လည်းကောင်း၊ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **သူရစိုး (ခ)ကျောက်ရုပ်**ကို ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာတွင် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ **စောဘငြိမ်း(ခ)ပြည့်ငြိမ်းချမ်း (ခ)ကိုစော(ခ)ကိုပြည့်**နှင့် **အောင်ထွန်းမင်း (ခ)အော်တို**တို့၏ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် RPGF အမည်ခံအကြမ်းဖက်အဖွဲ့ကို ငွေကြေးထောက်ပံ့ပေးနေသူများဖြစ်သည့် တရားခံ **နိုင်နိုင်အောင်**ကို ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက် သင်္ဂျောင်းလမ်းတွင်လည်းကောင်း၊ တရားခံ **ရန်နောင်ဖြိုး**ကို ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် တိုက်အမှတ်(၁၉) အခန်းအမှတ်(၁၉)တွင်လည်းကောင်း၊ တရားခံ **သူဇာဝေ**နှင့်**အောင်ရဲကျော်**တို့ကို ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၁၀ ဦး၊ မ သုံးဦး ပေါင်း ၁၃ ဦးတို့ကို တရုတ်ကြိုးဆွဲလက်ပစ်ဗုံး ငါးလုံးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **စောဘငြိမ်း (ခ) ပြည့်ငြိမ်းချမ်း (ခ) ကိုစော(ခ)ကိုပြည့်**၊ **ချမ်းမြေ့ဦး(ခ)ဘရိုတ်ကီ (ခ)ကောက်ကြီး**၊ **မင်းမင်းဦး(ခ)သက်ဦးမောင်**၊ **ဇော်ထက်**နှင့် **ဇော်ရဲထက်(ခ)သားသား**တို့သည် ၂၀၂၂ ခုနှစ် မတ်လတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်အတွင်းရှိ KIA တပ်မဟာ(၄)စခန်း၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လတက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဧပြီလတွင် **စောဘငြိမ်း(ခ)ပြည့်ငြိမ်းချမ်း (ခ)ကိုစော (ခ)ကိုပြည့်**၊ **ချမ်းမြေ့ဦး(ခ) ဘရိုတ်ကီ (ခ)ကောက်ကြီး**၊ **မင်းမင်းဦး (ခ) သက်ဦးမောင်**၊ **ဇော်ထက်**နှင့် **ဇော်ရဲထက်(ခ) သားသား**တို့သည် KIA တပ်မဟာ(၄)စခန်းမှ မန္တလေးမြို့သို့ပြန်လည်ရောက်ရှိနေထိုင်စဉ် **ချမ်းမြေ့ဦး(ခ)ဘရိုတ်ကီ(ခ)ကောက်ကြီး**သည် အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG မှ တရားခံပြေး **ရည်မွန်** ဦးဆောင်ပြုလုပ်သည့် ZOOM Meeting များတွင် တက်ရောက်ခဲ့ကြောင်း၊ တရားခံပြေး **ရည်မွန်**၏ စေခိုင်းမှုဖြင့် ၂၀၂၂ ခုနှစ် ဧပြီလတွင် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ရန် ရည်ရွယ်၍ RPGF အမည်ခံအကြမ်းဖက်အဖွဲ့ကို **စောဘငြိမ်း (ခ)ပြည့်ငြိမ်းချမ်း(ခ) ကိုစော (ခ)ကိုပြည့်**နှင့် **ချမ်းမြေ့ဦး (ခ) ဘရိုတ်ကီ(ခ)ကောက်ကြီး**တို့ကခေါင်းဆောင်၍ **ဇော်ထက်**၊ **ဟိန်းထက်** ၊ **ဇော်ရဲထက်(ခ) သားသား**၊ **အောင်ထွန်းမင်း (ခ)အော်တို**၊ **မင်းမင်းဦး (ခ)သက်ဦးမောင်**၊ **သူရစိုး(ခ) ကျောက်ရုပ်** ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ဟိန်းမြတ်မင်း(ခ)ဖိုးသား**၊ **ဒေးဗစ်**၊ **ခေါင်းကြီး**၊ **ဘီလူး**၊ **ပေါက်ကျော်(ခ)စကုတ်**၊ **ကျော်ကြီး (ခ)အရှည်ကြီး**၊ **ထွန်းထွန်း(ခ) ဂျင်းမွေး**၊ **မဲကြီး** အပါအဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ RPGF အမည်ခံအကြမ်းဖက်အဖွဲ့မှ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် တရားခံပြေး **ရည်မွန်က** ပစ္စတို နှစ်လက်နှင့် ၄င်းကျည် အတောင့်၅၀ တို့ကို ပေးပို့ခဲ့ပြီး ဖမ်းဆီးရန်ကျန်တရားခံ **ပေါက်ကျော်(ခ) စကုတ်**ထံတွင် သိမ်းဆည်းထားကြောင်း၊ ထို့ပြင် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူရန်အတွက် **စာမျက်နှာ ၂၆ သို့**





၂၀၂၂ ခုနှစ် မေ ၂၂ ရက်တွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်ရှိ တိုင်းဒေသကြီးတရားလွှတ်တော်ရုံးရှေ့၌ လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သည့် မော်တော်ယာဉ် နှစ်စီး၏ မှတ်တမ်းဓာတ်ပုံ။




၂၀၂၂ ခုနှစ် မေ ၂၉ ရက်တွင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်ရှိ "JIN CHENG"ဟိုတယ်ရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ ပုထိုးတော်ကြီးဘုရားရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးကို လက်လုပ်မိုင်းဖြင့်ပစ်ခတ်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၃ ခုနှစ် ဧပြီ ၁၁ ရက်တွင် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ လျှပ်စစ်ဓာတ်အားပေးခွဲရုံ၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၅ မှအဆက်**

**ရန်နောင်ဖြိုး**က ငွေကျပ် ငါးသိန်း၊ **အောင်ရဲကျော်**က ငွေကျပ် ၁၀ သိန်း၊ **ခိုင်ခိုင်အောင်**က ငွေကျပ် ၁၀ သိန်း၊ **သူဇာဝေ**က ငွေကျပ် သိန်း၂၀နှင့် ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ)ကိုစော (ခ)ကိုပြည့်**၏ ခိုင်းစေမှုဖြင့် မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့အတွင်း အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း-

➢ ၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်တွင် **ဇော်ထက်၊ ဇော်ရဲထက်(ခ)သားသား၊ အောင်ထွန်းမင်း (ခ)အော်တို**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ပေါက်ကျော်(ခ)စကုတ်၊ ဟိန်းမြတ်မင်း(ခ)ဖိုးသား**နှင့်**ဒေးဗစ်**တို့သည် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ "နှင်းရွှေရည်" လက်ဖက်ရည်ဆိုင်၌ အပြစ်မဲ့ပြည်သူ ဦးကျော်စိုး ကို ဒလန်ဟုစွပ်စွဲကာ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

➢ ဧပြီ ၂၇ ရက်တွင် **စောဘငြိမ်း(ခ)ပြည်ငြိမ်းချမ်း(ခ)ကိုစော(ခ)ကိုပြည့်** ခေါင်းဆောင်၍ **ဇော်ထက်၊ ဇော်ရဲထက် (ခ)သားသား၊ အောင်ထွန်းမင်း(ခ)အော်တို**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ပေါက်ကျော်(ခ)စကုတ်၊ ထွန်းထွန်း(ခ)ဂျင်းမွှေး**တို့သည် ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်ကြီး ကို လုပ်ကြံသတ်ဖြတ်ရန်သွားရောက်စဉ် နေအိမ်၌တွေ့ရှိခြင်းမရှိသဖြင့် ၎င်း၏ သားဖြစ်သည့် အပြစ်မဲ့ပြည်သူ ဦးစန်းယုမောင် ကို ပစ္စတိုဖြင့်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **သူရစိုး(ခ)ကျောက်ရုပ်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

ထို့ပြင် ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ RPGF အမည်ခံ အကြမ်းဖက်အဖွဲ့မှ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့အတွင်း မိုင်းထောင်ဖောက်ခွဲမှု ကိုးကြိမ်ကျူးလွန်ခဲ့ကြောင်း-

➢ ၂၀၂၂ ခုနှစ် ဧပြီ ၁၆ ရက်တွင် **စောဘငြိမ်း (ခ)ပြည်ငြိမ်းချမ်း (ခ) ကိုစော (ခ)ကိုပြည့်၊ ချမ်းမြေ့ဦး(ခ) ဘရိတ်ကီ(ခ)ကောက်ကြီး**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ပေါက်ကျော်(ခ) စကုတ်**တို့သည် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် ၆၂ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ "Space Bar" စားသောက်ဆိုင်ရှေ့၌ လက်လုပ်မိုင်း တစ်လုံးဖြင့်သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

➢ မေ ၂၂ ရက်တွင် **စောဘငြိမ်း(ခ) ပြည်ငြိမ်းချမ်း(ခ)ကိုစော(ခ)ကိုပြည့်၊ ချမ်းမြေ့ဦး (ခ)ဘရိတ်ကီ (ခ) ကောက်ကြီး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **မဲကြီး**တို့သည် ချမ်းမြသာစည် မြို့နယ် မြို့သစ်(၁)ရပ်ကွက်ရှိ တိုင်းဒေသကြီး တရားလွှတ်တော်ရုံးရှေ့၌ လက်လုပ်မိုင်းတစ်လုံးဖြင့် သွားရောက် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

➢ မေ ၂၉ ရက်တွင် **စောဘငြိမ်း(ခ) ပြည်ငြိမ်းချမ်း(ခ)ကိုစော(ခ)ကိုပြည့်၊ ချမ်းမြေ့ဦး (ခ)ဘရိတ်ကီ (ခ) ကောက်ကြီး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **မဲကြီး**တို့သည် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် ရပ်ကွက်ရှိ "JIN CHENG" ဟိုတယ်ရှေ့၌ လက်လုပ်မိုင်းတစ်လုံး ဖြင့်သွားရောက်ဖောက်ခွဲခဲ့ကြောင်း။

➢ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် **စောဘငြိမ်း (ခ)ပြည်ငြိမ်းချမ်း (ခ) ကိုစော(ခ)ကိုပြည့်၊ ချမ်းမြေ့ဦး(ခ) ဘရိတ်ကီ(ခ)ကောက်ကြီး**နှင့် ဖမ်းဆီး ရန်ကျန်တရားခံ **ပေါက်ကျော်(ခ) စကုတ်**တို့သည် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ ပုထိုးတော်ကြီး ဘုရားရှေ့၌ လက်လုပ်မိုင်း တစ်လုံး ဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲ ခဲ့ကြောင်း။

➢ ဖေဖော်ဝါရီ ၁၀ ရက်တွင် **စောဘငြိမ်း (ခ) ပြည်ငြိမ်းချမ်း (ခ)ကိုစော (ခ) ကိုပြည့်၊ ချမ်းမြေ့ဦး(ခ)ဘရိတ်ကီ(ခ) ကောက်ကြီး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ကျော်ကြီး (ခ)အရှည်ကြီး** တို့သည် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် မန္တလာသီရိ ဘောလုံးကွင်းအရှေ့ဘက်ရှိ လုံခြုံရေး ဂိတ်ကင်းကို လက်လုပ်မိုင်း တစ်လုံး ဖြင့် သွားရောက်ဖောက်ခွဲခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးနှင့်အပြစ်မဲ့ ပြည်သူ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

➢ ဖေဖော်ဝါရီ ၁၇ ရက်တွင် **စောဘငြိမ်း (ခ)ပြည်ငြိမ်းချမ်း (ခ) ကိုစော (ခ) ကိုပြည့်၊ ချမ်းမြေ့ဦး(ခ)ဘရိတ်ကီ(ခ) ကောက်ကြီး**တို့သည် ချမ်းအေးသာစံ မြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးကို လက်လုပ်မိုင်း တစ်လုံးဖြင့် သွားရောက်ပစ်ခတ် ဖောက်ခွဲခဲ့ကြောင်း။

➢ ဖေဖော်ဝါရီ ၂၁ ရက်တွင် **စောဘငြိမ်း (ခ)ပြည်ငြိမ်းချမ်း (ခ) ကိုစော (ခ) ကိုပြည့်၊ ချမ်းမြေ့ဦး(ခ)ဘရိတ်ကီ(ခ) ကောက်ကြီး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ကျော်ကြီး(ခ)အရှည်ကြီး** တို့သည် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်ရှိ အုပ်ချုပ် ရေးမှူးရုံးကို လက်လုပ်မိုင်း တစ်လုံး ဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲ ခဲ့ကြောင်း။

➢ မတ် ၂၂ ရက်တွင် **စောဘငြိမ်း(ခ) ပြည်ငြိမ်းချမ်း (ခ) ကိုစော (ခ) ကိုပြည့်၊ ချမ်းမြေ့ဦး(ခ)ဘရိတ်ကီ(ခ) ကောက်ကြီး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **ကျော်ကြီး(ခ)အရှည်ကြီး**တို့ သည် အမရပူရမြို့နယ်ရှိ ခရိုင် တရားရုံးကို လက်လုပ်မိုင်း တစ်လုံးဖြင့် သွားရောက်ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း။

➢ ဧပြီ ၁၁ ရက်တွင် **ချမ်းမြေ့ဦး(ခ) ကောက်ကြီး(ခ)ဘရိတ်ကီ၊ ဇော်ထက်၊ ဇော်ရဲထက်(ခ)သားသား၊ အောင်ထွန်း မင်း (ခ)အော်တို**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ကျော်ကြီး(ခ) အရှည်ကြီး၊ ဟိန်းမြတ်မင်း(ခ)ဖိုးသား** တို့သည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် ရှိ လျှပ်စစ်ဓာတ်အားပေးခွဲရုံကို လက်လုပ်မိုင်းနှစ်လုံးဖြင့် သွားရောက် ပစ်ခတ်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း။

ထို့ပြင် RPGF အမည်ခံ အကြမ်းဖက် အဖွဲ့အနေဖြင့် "အောင်စည်တော်" စစ်ဆင် ရေးအမည်ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ချမ်းအေးသာစံမြို့နယ် ၁၅ လမ်းနှင့် ၆၆ လမ်း ထောင့်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာနေ အပြစ်မဲ့ပြည်သူတစ်ဦး ကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် အနောက်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူ တစ်ဦးကိုလည်းကောင်း ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ရန်နှင့် ချမ်းအေးသာစံ မြို့နယ် ၇၈ လမ်းနှင့် ၃၂ လမ်းထောင့်အနီးရှိ ယာဉ်ထိန်းရုံးကို လက်လုပ်မိုင်းဖြင့် ပစ်ခတ် ဖောက်ခွဲရန်စီစဉ်ထားသော်လည်း လုံခြုံရေး တပ်ဖွဲ့ဝင်များက ကြိုတင်သတင်းလက်ဦးမှု ရယူကာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းကြောင့် အချိန်မီ တားဆီးကာကွယ်နိုင်ခဲ့ခြင်းဖြစ် ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်မှုကို မလိုလား သော တိုင်းရင်းသားပြည်သူများ၏ သတင်း ပေးပို့ချက်များနှင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ ဝင်များ၏ အချိန်မီကြိုးပမ်းဖော်ထုတ်နိုင်မှု များကြောင့် ဖမ်းဆီးရမိခဲ့သော တရားခံများ ကို ဥပဒေအရထိရောက်စွာ အရေးယူနိုင် ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူ များကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်း ကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ် တရားခံများကို အမြန်ဆုံးဆက်လက်ဖမ်းဆီး ရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိ ပါက သက်ဆိုင်ရာသို့ ယခုကဲ့သို့ လျှို့ဝှက် စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့် ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင် ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကို အကြောက်တရားများဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေ ရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင် ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်း ဒေသကြီး လောင်းလုံးမြို့နယ် မြို့ဟောင်း ကျေးရွာနေ ရန်နိုင်ထွန်း(ခ)ချမ်းမြေ့ သည် ၎င်းအသုံးပြုသည့် "Thet Paing" Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ် ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ် ဆောင်ခဲ့သည့်အတွက် တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့ ၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်း များ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူ များကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ဧက ၁၂၀၀ ကျယ်ဝန်းသည့် ငါးမွေးမြူရေးဇုန်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ



**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ဧက ၁၂၀၀ ကျယ်ဝန်းသည့် ငါးမွေးမြူရေးဇုန်တစ်ခုကို ယခုနှစ် မေလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးမွေးမြူရေးဇုန် စီမံကိန်းကို Steel Stone Group က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ရာ ၎င်းစီမံကိန်းတွင် ဧရိယာ ဧက ၁၂၀၀ ကျယ်ဝန်းသော မွေးမြူရေးဇုန်(A+B)အဖြစ် ဖွဲ့စည်းထားပြီး စီမံကိန်းကာလမှာ ၂၀၂၃ ခုနှစ် မေလမှ ၂၀၂၅ ခုနှစ် မေလ ထိ သတ်မှတ်ထားသည်။

"ဒီငါးမွေးမြူရေးဇုန်စီမံကိန်းကို Steel Stone Group ကနေ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ မွေးမြူရေးဇုန်ရဲ့ အကျယ်အဝန်းကတော့ ဧက ၁၂၀၀ ဖြစ်ပါတယ်။ ငါးသားဖောက်ကန်တွေ အနေနဲ့ကတော့ နှစ်ဧက၊ သုံးဧကကန်တွေလဲ ထည့်သွင်းအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ၁၅ ဧကနဲ့အထက် မွေးမြူရေးကန်တွေလဲ ပါဝင်ပါမယ်။ ငါးလုပ်ငန်းကို စိတ်ဝင်စားလုပ်ကိုင်လိုသူတွေကိုလဲ တစ်ဧက ကနေ စတင်ပြီးတော့ နှစ်ရှည်အရစ်ကျ ငွေသွင်းစနစ်နဲ့ ရောင်းချပေးဖို့လဲရှိသလို ဒီမှာလာရောက်လုပ်ကိုင်သူတွေကို နည်းပညာနဲ့ ဈေးကွက်ပိုင်း ကူညီပေးသွားမှာလဲဖြစ်ပါတယ်"ဟု ဦးဝင်းသိန်းက ပြောပြသည်။

အဆိုပါ စီမံကိန်း၌ မွေးမြူရေးကန်အကျယ်အဝန်းကို ငါးဧကမှစတင်ကာ ဆောင်ရွက်နေခြင်းဖြစ်ပြီး ၁၅ ဧကနှင့်အထက် မွေးမြူရေးကန်များပါဝင်ကာ ငါးသားဖောက်ရန်အတွက် နှစ်ဧက၊ သုံးဧကကန်များလည်း ထည့်သွင်းထားကြောင်း၊ လက်ရှိတွင် တစ်ဧကကနဦးဈေးနှုန်းကို ငွေကျပ်သိန်း ၂၀၀ နှုန်းဖြင့် သတ်မှတ်ထားပြီး တစ်နှစ်မှ ငါးနှစ်ထိ အရစ်ကျပေးသွင်း၍ ဝယ်ယူနိုင်ကြောင်း သိရသည်။

ငါးမွေးမြူရေးဇုန်စီမံကိန်း ပြီးဆုံး၍ လုပ်ငန်းများစတင်ကာ ငါးများဖော်ချိန်တွင်လည်း ကြည့်မြင်တိုင်စံပြငါးဈေးနှင့်ရွှေပိတောက်ငါးဈေးများသို့ မွေးမြူရေးဇုန်မှ ကုန်းလမ်းဖြင့်သယ်ယူနိုင်ပြီး လှိုင်မြစ်၊ ဘောလယ်ချောင်းတို့မှလည်း ရေလမ်းဖြင့် သယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# သဲကုန်းမြို့နယ် ကြို့ကုန်း(သဲကော)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**သဲကုန်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကြို့ကုန်း(သဲကော)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မေ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကြို့ကုန်း(သဲကော)ကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြို့ကုန်း(သဲကော)ကျေးရွာ၌ အလျား ၃၆ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၇ ဒသမ ၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၁၃ သန်း စုစုပေါင်း ၁၂ ဒသမ ၆၃ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဧပြီလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ပြောပြ၍ သိရသည်။ **သန္တာ**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၅-၄-၂၀၂၃** ရက်နေ့မှစတင်၍ **၂၄-၆-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်ဖြစ်သည်။**

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈× ၂၄× ၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |


# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- ➤ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ➤ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။


# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၇၄၇၂၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၇၄၇၂၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၁၁၆ ဧက၊ မိုးပဲတီစိမ်း ၃၈၅၂၅ ဧက၊ စွန်တာပြာ ၆၀၀၈ ဧက၊ ပဲစင်းငုံ ၂၂၄၅၇ ဧက၊ ပဲလွန်း ၅၉၉၇ ဧက၊ ပဲကြီး ၁၆၂၅ ဧကတို့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ်မှာ ပဲမျိုးစုံ ဧက ၇၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုကို မိုးရာသီမှာထက် ဆောင်းရာသီမှာ အများဆုံးစိုက်ပျိုးကြတယ်။ မိုးရာသီမှာ ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်တွင် ပဲမျိုးစုံ ၇၄၇၂၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရရှိစေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရန်၊ မြေဩဇာစနစ်တကျသုံးစွဲနိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍သိရသည်။

(၂၀၆)

# အောင်လံမြို့နယ် ပျဉ်ထောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း စစ်ဆေး

**အောင်လံ မေ ၂၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်ထောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ပျဉ်ထောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေဖြင့် လည်ပတ်ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်းဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပျဉ်ထောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူစုစုပေါင်း ၁၄၇ ဦးကို ရန်ပုံငွေကျပ် ၄၃၆ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဖြူလေး






## ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

# DENTOMEC

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော



" မန္တလေးမြို့၏ဂုဏ်ကျက်သရေဆောင် "

## ရတနာပုံ ခန်းမ



**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ မင်္ဂလာဆောင်ပွဲများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ် ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။



# ဝန်ထမ်းအလိုရှိသည်

**(1) Sales Drive** — **Male (2) Post**

(၃)တန်နှင့်အထက်ကားကြီးမောင်းနိုင်သူဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်ရှိရမည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) တက္ကသိုလ်တက်နေဆဲ (သို့) ဘွဲ့ရဖြစ်ပြီး နယ်ခရီးသွားလာနိုင်ရမည်။

**(2) Sales Man** — **Male (3) Post**

ယာဉ်မောင်းလိုင်စင်ရှိပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) တက္ကသိုလ်တက်နေဆဲ (သို့) ဘွဲ့ရဖြစ်ရမည်။ နယ်ခရီးသွားလာနိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

**(3) Office Staff** — **Male (1) Post**

အသက် (၁၈)နှစ်နှင့် (၂၅)နှစ်ကြားဖြစ်ရမည်။ အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ ဆိုင်ကယ်ကျွမ်းကျင်စွာစီးတတ်ပြီး ယာဉ်မောင်းလိုင်စင်ရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်မှုရှိပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ လိုအပ်လျှင် အချိန်ပိုဆင်းနိုင်ရမည်။

**(4) Driver** — **Male (1) Post**

အသက် (၂၅)နှစ်နှင့် (၃၅)နှစ်ကြားဖြစ်ရမည်။ ရုံးချိန်မှာ နံနက် (၇:၀၀)နာရီမှ ညနေ (၇:၀၀) နာရီအထိဖြစ်သည်။ ကားမောင်းကျွမ်းကျင်ပြီး အော်တိုဂီယာမောင်းနှင်နိုင်၍ ကားအကြောင်းကျွမ်းကျင်နှံ့စပ်စွာ သိရှိရမည်။

ကျန်းမာရေးကောင်းမွန်ပြီး လိုအပ်လျှင် အချိန်ပိုဆင်း၍ နယ်ခရီးသွားလာနိုင်သူဖြစ်ရမည်။

အကျင့်စာရိတ္တကောင်းမွန်မှုရှိပြီး အရက်၊ ဆေးလိပ်၊ ကွမ်းစားသုံးသူမဖြစ်စေရ။

မန္တလေးမြို့တွင်းနေထိုင်သူဖြစ်ပြီး အခြေခံပညာအထက်တန်းအဆင့်အထိ ပညာသင်ယူဖူးသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် အသက် (၂၀)နှစ်နှင့် (၃၀)နှစ်ကြားဖြစ်ရမည်။ ပညာအရည်အချင်းဆိုင်ရာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ဓါတ်ပုံ(၂)ပုံ၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ Human Resource & Organization Development ဌာနသို့ CVများ ကို (၁၀)ရက်အတွင်း လာရောက်ထုတ်ယူပြီး လျှောက်ထားနိုင်ပါသည်။ မရွေးချယ်ဖြစ်သော လျှောက်လွှာများအား ပြန်လည်ပေးမည်မဟုတ်ပါ။

**အမှတ်(၁၉၁)၊ ၂၇ လမ်း၊ ၈၁×၈၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**



## ဖခင်အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အ. လ. က(၆)၊ Grade-9 (၂၀၂၂- ၂၀၂၃) (အောင်)မှ မအိမ့်ပန်းချီကို ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်(၉/အမဇ(နိုင်)၀၃၅၂၆၀)အရ ဦးကိုကိုထွေး ဖြစ်ပါကြောင်း။

**ဦးကိုကိုထွေး (၉/အမဇ(နိုင်)၀၃၅၂၆၀)**



## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ ဝါးတန်းတောင်ရပ်ကွက်၊ အိမ်အမှတ်(၂၇၂)နေ မဆုပြည့်ဝင်းနှင့် မဟာဂန္ဓာရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ မောင်ဟိန်းသူရဝင်း Grade-4 (အောင်)တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်လှိုင်ဝင်း ဖြစ်ပါကြောင်း။

**ဦးကျော်လှိုင်ဝင်း(၉/မဟမ(နိုင်)၀၅၈၆၆၇)**



## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးရွာနေ (ဘ)ဦးမောင်လွင်၏သမီး မဇာမွန်ခိုင် (၉/ပဥလ(နိုင်)၀၆၆၁၈၈)ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၄-၄-၁၉၉၆) ဖြစ်ပါကြောင်း။ ၂၄-၄-၁၉၉၆



## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ငါ့တရော်ကျေးရွာ၊ အ. လ. က Grade-8 မှ မောင်မျိုးခိုင် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ် (၅/စကန(နိုင်) ၂၃၃၂၉၇)အရ ဦးဝင်းမျိုးထက် ဖြစ်ပါကြောင်း။

**ဦးဝင်းမျိုးထက်(၅/စကန(နိုင်) ၂၃၃၂၉၇)**



ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့နေ မရှန်ရောက်ခမ (ဘ) ဦးအဒါ (၉/ပဥလ(နိုင်)၁၀၃၀၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-968671)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၅၁၂၈၈၆၁



**မီး သတိပြု**



**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၀၉ (ရုံးချိန်အတွင်း)



**ရန်သူမီးဘေး တားဆီးရေး မနေ့ဆောင်ရွက်ကြ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံရေးစနစ်အရ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အုပ်ချုပ်ရေးပုံစံစနစ်အရ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးကို ပေါင်းစပ်ထားသည့် အုပ်ချုပ်မှုပုံစံကို သွားရမည်ဖြစ်...

❖ တိုင်းရင်းသားအားလုံး၊ ပြည်သူများအားလုံးနှင့် နိုင်ငံသားအားလုံးက လိုလားသည့် အုပ်ချုပ်ရေးစနစ်ပင်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများအား တွေ့ဆုံလမ်းညွှန်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီနှင့် Authentic Production Co.,Ltd.တို့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Authentic Production Co.,Ltd. အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစဉ်။

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဝါဝါဝင်း စိုက်ပျိုးမွေးမြူရေးကုမ္ပဏီဥက္ကဋ္ဌ ဦးရွှေကြိုင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုမ္ပဏီရှင်းလင်းဆောင်တွင် ဥက္ကဋ္ဌ ဦးရွှေကြိုင်က ဝါဝါဝင်းစိုက်ပျိုးမွေးမြူရေးကုမ္ပဏီကို ၁၉၉၉ ခုနှစ်မှစတင်၍ မအူပင်မြို့နယ်နှင့်ညောင်တုန်းမြို့နယ်တို့တွင် စတင်အခြေပြုခဲ့မှု၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆